# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❑

## ယနေ့ ဖတ် စ ရာ


ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် လာရောက်ကြည့်ရှုသူ ပြည်သူများဖြင့် စည်ကား — ပြည်တွင်းသတင်း — စာ ၁၃

မူဆယ်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် (ပထမအကြိမ်) နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ — ပြည်တွင်းသတင်း — စာ ၁၄

သီရိလင်္ကာသမ္မတ ဒစ္စနာယာကေ၏ ညွန့်ပေါင်းအဖွဲ့ ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိ — နိုင်ငံတကာသတင်း — စာ ၁၈

မြန်မာ့အလင်း

# လွတ်လပ်ခွင့်သည် ဥပဒေနှင့်အညီသာ

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ စည်းကမ်းချက်များကို ဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော ညစ်ညမ်းစာများဖော်ပြပါရှိသော စာအုပ်နှစ်အုပ် ထုတ်ဝေဖြန့်ချိမှုနှင့် ပတ်သက်၍ ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့၏ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ရုပ်သိမ်းလိုက်ပြီး ယင်းစာအုပ်များကိုလည်း တရားမဝင်ထုတ်ဝေစာများအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အပြင် ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းပြီးနောက် ရွေးကောက်ခံအစိုးရများ တက်ရောက်လာချိန်မှစကာ စာနယ်ဇင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဖော်ထုတ်ခွင့် စသည့်အခွင့်အရေးများကို အလွဲသုံးစားပြုပြီး အညှီအဟောက်စာပေ၊ ညစ်ညမ်းဝတ္ထုစာအုပ်တချို့ ထွက်ရှိလာခဲ့သည်။ ယင်းစာအုပ်များနှင့် စပ်လျဉ်း၍ ရှုထောင့်အမျိုးမျိုးမှ ဝေဖန်မှုများ၊ ရှုတ်ချမှုများလည်း ပေါ်ထွက်လာခဲ့ကြသည်။ အများစုက ရှုတ်ချကြခြင်းဖြစ်ပြီး ပြင်းပြင်းထန်ထန် ရှုတ်ချကြသူများလည်း ရှိသည်။ ညစ်ညမ်းစာပေ ရေးသားထုတ်ဝေမှုအပေါ် ထောက်ခံသူ တစ်ယောက်စ၊ နှစ်ယောက်စတို့ကမူ လွတ်လပ်စွာရေးသားထုတ်ဖော်ခွင့်၊ အနုပညာလွတ်လပ်စွာ ဖန်တီးခွင့်တို့ကို အကြောင်းပြ၍ မလုံမလဲ အကာအကွယ်ယူကြသည်ကိုလည်း တွေ့ရသည်။ လွတ်လပ်စွာ ရေးသားဖော်ထုတ်ခွင့်သည် ရေးသူ၏ အခွင့်အရေးဖြစ်ပြီး မကြိုက်ရင် မဖတ်နဲ့၊ ကိုယ်ကြိုက်ရာ ရွေးချယ်ဖတ်ဟူ၍ တရားလက်လွှတ်၊ တာဝန်မဲ့ ဆင်ခြေပေးမှုကိုလည်း တွေ့ရသည်။

တရားမဝင် ထုတ်ဝေစာဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာခဲ့သည့် စာအုပ်နှစ်အုပ်မှာ စာရေးသူ Mahuyar ရေးသားသည့် “ 1500 miles to you” နှင့် “အမုန်းနဲ့ပျိုးတဲ့ချစ်ခြင်း အလင်္ကာ” အမည်ရှိ စာအုပ်များဖြစ်သည်။ ယင်းစာအုပ်များတွင် ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော ညစ်ညမ်းစာများ ဖော်ပြပါရှိသည်ဟုဆိုရာ ထုတ်ဝေစာတစ်ခုသည် နိုင်ငံနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးမပြုနိုင်စေကာမူ အဆိပ်အတောက် မဖြစ်စေသင့်၊ အကျိုးမယုတ်စေသင့်ဟု နားလည်နိုင်သည်။ သတင်းမီဒီယာများအပါအဝင် စာပေ၊ ရုပ်ရှင်၊ ဂီတစသည်တို့မှာ လူ့အဖွဲ့အစည်းအပေါ်တွင် ဩဇာသက်ရောက်နိုင်စွမ်းရှိသည့် Soft Power များ ဖြစ်ကြသည်။ အထူးသဖြင့် လူငယ်များကို ပစ်မှတ်ထား၍ ရေးသားထုတ်ဝေလာခြင်းက နိုင်ငံ၏ အနာဂတ်လူသားအရင်းအမြစ်များအပေါ် တိုက်ရိုက်ထိခိုက်စေသည်။

လက်ရှိမိမိတို့နိုင်ငံ၏ အခြေအနေမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အခက်အခဲများစွာကြားမှ ရုန်းကန်တည်ဆောက်နေရချိန်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာရေးအဆင့်အတန်း၊ စိတ်ဓာတ်နှင့် တွေးခေါ်မြော်မြင်မှုရေချိန်တို့ မြင့်မားလာစေရန် ကြိုးပမ်းမြှင့်တင်ဖို့ လိုအပ်နေချိန်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ လူဦးရေအချိုးနှင့် ဘွဲ့ရပညာတတ်အချိုးတို့ ကွာဟနေချိန်၊ ပျမ်းမျှ ပညာအရည်အချင်း အခြေခံပညာအလယ်တန်းအဆင့်မျှသာ ရှိနေချိန်တွင် ယခုကဲ့သို့ ညစ်ညမ်းစာများ ဖော်ပြပါရှိသည့် စာအုပ်မျိုးကို ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းတို့က မိမိတို့၏ စီးပွားရေး အကျိုးအမြတ်မျှကိုသာကြည့်ပြီး တာဝန်ယူမှုကင်းမဲ့ခြင်း ဖြစ်သည့်အပြင် လူ့အဖွဲ့အစည်းကိုလည်း အကျိုးယုတ်စေခြင်းဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ပင်လျှင် လူတိုင်း၏ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်တို့ကို အသိအမှတ်ပြု ပြဋ္ဌာန်းထားသည့်တိုင် မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုလေးစားရန်နှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်ကို သတိချပ်ကာ လူတိုင်း မိမိတို့ရှင်သန်ဖွံ့ဖြိုးရာ လူ့အသိုက်အဝန်းအတွက် တာဝန်သိကြရပါမည့်အကြောင်း။ ။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကြေညာချက်**

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက် မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**

**(၂၅-၁၁-၂၀၂၄)**

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် — နေပြည်တော်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၅

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ ဘူရားတီးရားပြည်နယ် ဒုတိယအကြီးအကဲ၊ ကျန်းမာရေးဝန်ကြီး Mrs. Ludupova Evgeniia Iurevne နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်သည် မိမိတို့နိုင်ငံနှင့် ထူးခြားသော ဆက်ဆံရေးရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ် လာရောက်လည်ပတ်မှုအတွက် ကြိုဆိုဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**နွေးထွေးစွာကြိုဆို**

ယင်းနောက် ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌက ယခုကဲ့သို့ သာယာလှပသည့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ် လာရောက်ခွင့်ရသည့်အတွက် မိမိအနေဖြင့်များစွာ ဂုဏ်ယူမိပါကြောင်း၊ လာရောက်လည်ပတ်သည့်အချိန်တွင်လည်း မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို များစွာ ခံစားမိပါကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ရောက်ရှိလည်ပတ်ချိန်များ၌လည်း မြန်မာနိုင်ငံအစိုးရ၊ တာဝန်ရှိသူများနှင့် မြန်မာပြည်သူများ၏ ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုမှုနှင့် အထူးဧည့်ဝတ်ကျေပွန်မှုများကိုလည်း မြင်တွေ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးနွေးထွေးသော ဆက်ဆံရေးရှိသည့် ခံစားမှုများကို ရရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် စပါး၊ ဆီထွက်သီးနှံနှင့် ပဲများကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်ရေး စက်ရုံများတည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးမှုတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် သစ်တောထွက် ပစ္စည်းများဖြင့် သစ်ပါးလွှာနှင့် ပျော့ဖတ်များ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။



ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov နိုဝင်ဘာ ၁၃ ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။




ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

❑ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရား ပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များတက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာလာရောက်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များအတွင်း ကြည့်ရှုလေ့လာစဉ်။

**ထွန်းညှိပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရားပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး သဒ္ဓိဓိပတိ ခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကြိုဆိုကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရား ပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့က စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကျည်(ညမီးကြီး)မီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရုရှား – မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည် စိန်နားပန်မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ မြတ်ရောင်ခြည်စိန်နားပန် မီးပုံးပျံ၏ ကိုယ်ထည်တွင် ကနုတ်ပန်းခက်များ၊ ကြာပန်းခက်များ၊ ကြာပန်းခက်များ၏ အပေါ်တွင် မြတ်ရောင်ခြည်စာသားအား အပြာရောင်ဖြင့်ရေးဆွဲထားပြီး မီးပုံးပျံ၏ အောက်ဆွဲတွင် ကြာပန်းပုံနှင့် ဘူရားတီးရားစာသားကို မီးပုံးရောင်စုံများဖြင့် လှပစွာချိတ်ဆွဲထားရှိသည်။ မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များက တိုင်းရင်းသား ရိုးရာအကအလှများနှင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရား ပြည်နယ်အကြီးအကဲ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

ထုတ်လုပ်နိုင်သည့် အခြေအနေများ၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုနှင့် ဝါစိုက်ပျိုးမှုတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် နည်းပညာမြှင့်တင်မှုများ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် တိုက်ရိုက်လေကြောင်းပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေး ကိစ္စရပ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေးနှင့် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန် ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရောက်ရှိနေချိန်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် အထင်ကရနေရာများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ပြီး ဆက်လက်၍လည်း မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက် လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဘူရားတီးရားပြည်နယ် အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှား – မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြတ်ရောင်ခြည်စိန်နားပန် မီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးကြစဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဘူရားတီးရားပြည်နယ်အစိုးရဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကျည်(ညမီးကြီး) မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ဆုပေးပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်စည်းကမ်းအကောင်းဆုံးဆု၊ အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ အဖွဲ့လိုက် ချုပ်ရိုးချုပ်သားအကောင်းဆုံးဆု၊ အဖွဲ့လိုက် ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှုအကောင်းဆုံး၊ အဖွဲ့လိုက် ရက်ကန်းစင် ကိုင်တွယ်အကောင်းဆုံးဆုတို့ကို ကောင်စီဝင်များက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဥ္စမဆုရရှိသည့် နေပြည်တော်ကောင်စီကိုယ်စားပြုအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက လည်းကောင်း၊ စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြုအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူးက လည်းကောင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ငင်းနောက် စိန်နားပန်မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု၊ စက္ခုပသာဒအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင် အရောင်စုံလင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု၊ မှိုင်းခံစံချိန်အကောင်းဆုံးဆု ရရှိကြသည့် ဝန်ကြီးဌာန *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညမီးကျည်(ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညမီးကျည် (ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၅ မှ*

ကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညမီးကျည် (ညမီးကြီး) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆု၊ စက္ခုပသာဒအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု၊ အတက်စံချိန်အကောင်းဆုံးဆု၊ မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု၊ မိုင်းခံစံချိန်အကောင်းဆုံးဆု ရရှိကြသည့်ဝန်ကြီးဌာန ကိုယ်စားပြုအသင်းများအား ကောင်စီအဖွဲ့ဝင်များက ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ကောင်စီအတွင်းရေးမှူးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူ ပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူပြည်သူများကလည်း စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

နေပြည်တော်  နိုဝင်ဘာ ၁၅

**ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့ ၏ နေ့ထူးနေ့မြတ်များအနက်တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်စဉ်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူ၍ ကထိန်အလှူတော်မင်္ဂလာ ဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူဆည်းပူးပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

**ဆီမီးများထွန်းညှိပူဇော်**

ထိုသို့ မြန်မာ့ယဉ်ကျေးမှု ပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်စဉ်။

ဖြင့် တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

**ပျော်ရွှင်ကြည်နူးစွာဆင်နွှဲ**

အလားတူ တန်ဆောင်တိုင် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အဦများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ်ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

“တန်ဆောင်” မှာ မီးရှူး၊ မီးတိုင်၊ ဆီမီး ဟု အဓိပ္ပာယ်ရပြီး “မုန်း” မှာ တောက်ပသည်ဟူသော အနက်ကိုယူ၍ဝေါဟာရပေါင်းစည်းသည့်အခါ “ဆီမီးတိုင်များ မျက်စိတစ်ဆုံးပွားများ ထွန်းလင်းနေသည်” ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိ ပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပုံသကူ အလှူပြုကြသူများ၊ ပုံသကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဦးပိန်တံတား၌ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလတွင် လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက္ကမီစက်စဲကမ်းခြေ၌ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလတွင် လာရောက်အပန်းဖြေကြသူများဖြင့် စည်စည်ကားကား တွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ





ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယရုပ်ရှင်တော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်သို့ တက်ရောက်လေ့လာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် မာရဝိဇယ ရုပ်ရှင်တော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်သို့ တက်ရောက်ကြသည်။

**လေ့လာကြည့်ရှု**

ဦးစွာ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြပြီး သမိုင်းတင် ခေတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ပုဂံခေတ် ဘုရားစေတီများဖြစ်သည့် အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးတို့၏ စကေးကိုက်ပုံစံငယ်များ၊ ဆင်းတုတော်များ၊ စဥ့်ပန်းများ၊ ဗိသုကာဆိုင်ရာလက်ရာများ၊ နံရံဆေးရေးပန်းချီများနှင့် သီဟာသနပလ္လင်ပြခန်းတွင် ခင်းကျင်းပြသထားသည့် မြန်မာဘုရင်များ အသုံးပြုခဲ့ကြသည့် သီဟာသနပလ္လင်တော်၊ မင်းခမ်းတော် ပစ္စည်းများနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်ရှုကြ၍ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဘူရားတီးရား ပြည်နယ်အကြီးအကဲနှင့်အဖွဲ့အား Aureum Palace Hotel ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဧည့်ခံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။

ထို့နောက် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူက ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသည့် ဘုရင်မင်းမြတ်များ၏ သမိုင်းကြောင်း၊ ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ခင်းကျင်းပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်နှင့်အဖွဲ့သည် ပြခန်းတစ်ခုချင်းအလိုက် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာ၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**မီးပုံးပျံလွှတ်တင်ပူဇော်**

ညပိုင်းတွင် ဘူရားတီးရား ပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်သို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။



ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov နှင့်အဖွဲ့ နေပြည်တော် အမျိုးသားပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်သည်။

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒေါက်တာ ဘရှွေ၊ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့် နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော်ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

**ရွတ်ဖတ်ပူဇော်**

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြကာ ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။ ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် အခမ်းအနားမှူးက မသိုးရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မင်္ဂလာစာတန်းကို ရွတ်ဖတ်ပူဇော်သည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် တက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစု အမှူးပြုသည့် ခုနစ်ရက်သားသမီးများက ယခုနှစ်တွင်လည်း ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြစဉ်။

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို)အဆင့် ကယားပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များအား ဂုဏ်ပြု

**လွိုင်ကော် နိုဝင်ဘာ ၁၅**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို) အဆင့် ယှဉ်ပြိုင်ခဲ့ကြသည့် ကယားပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲကြီးတွင် ကယားပြည်နယ်အနေဖြင့် ပြိုင်ပွဲဝင် ၁၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနုပညာရှင် ဝါသနာရှင်အားလုံး စည်းလုံးညီညွတ်စွာ ခိုင်မာသည့်စိတ်ဓာတ်၊ ပြင်းပြသည့်လုံ့လဝီရိယများနှင့်အတူ မိမိတို့ကျရာကဏ္ဍတွင် ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဆုများ ဆွတ်ခူးရယူပေးခဲ့၍ ပြည်နယ်၏ဂုဏ်ကို ဆောင်ပေးနိုင်သည့်အတွက် ဂုဏ်ပြုပါကြောင်း၊ ပြည်နယ်၏တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း မပျောက်ပျက်အောင် တန်ဖိုးထားထိန်းသိမ်းကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဆုရရှိသူများ၊ ကယားတိုင်းရင်းသားရိုးရာ တူရိယာအဖွဲ့နှင့် ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့နှင့် နည်းပြများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ပြိုင်ပွဲအောင်နိုင်ရေးဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးက ပြိုင်ပွဲဝင်များကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုညစာများဖြင့် တည်ခင်းဧည့်ခံပြီး ဆုရပြိုင်ပွဲဝင်များနှင့် တေးသံရှင်များက ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ကယားပြည်နယ်အနေဖြင့် ယခင်နှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟို)အဆင့်၌ တိုင်းနှင့်ပြည်နယ်အဆင့်တွင် အဆင့် ၁၁ ရရှိခဲ့ရာမှ ယခု (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် (ဗဟို) အဆင့် ပြိုင်ပွဲတွင် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခုနစ်ခုနှင့် နှစ်သိမ့်ဆု ခြောက်ခု စုစုပေါင်း ၂၈ ဆု ရရှိခဲ့ပြီး တိုင်းနှင့် ပြည်နယ်အဆင့်တွင် အဆင့် (၇) ရရှိခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏တန်ဆောင်တိုင်မီးထွန်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ



မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅** ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ယနေ့တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် နောက်ဆုံးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ယနေ့သည် တန်ဆောင်တိုင်လပြည့်နေ့နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီး၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ ပြည့်လျက်ရှိပြီး ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက် လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးတွင် တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ဘုရားမုခ်ဦးများရှေ့၌လည်း တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများက လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့် နေရာများ၊ မီးပုံးပျံလွှတ်တင် ပူဇော်မည့်နေရာများ၊ ဈေးပွဲတော် နေရာများနှင့် အခြားသွားရောက် လေ့လာနိုင်မည့် နေရာများကို အလွယ်တကူသွားရောက်နိုင်ရေး အတွက် လမ်းညွှန်ပြသပေးကြသည်။ ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မသံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင် ပူဇော်မည့်နေရာ အသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန် ရောက်ရှိသည့်အခါတွင် တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိ လက်ခုပ်သံများသည်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် အဆိုပါမီးပုံးပျံလွှတ်တင်ပူဇော်မှုများကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ပြည်သူများ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပူဇော်ခွင့်ရရှိခဲ့ကြသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများ အနေဖြင့် တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက် သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။



တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများအား တွေ့ရစဉ်။

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော် ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်းနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏စီစဉ်မှုဖြင့် ဇာတ်မင်းသား ဖိုးချစ်တို့အဖွဲ့ (**အောက်ပုံ**)နှင့်အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက် အားပေးနားဆင်ကြည့်ရှုကြသည့် အနုသုခုမ ဝါသနာရှင်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက် လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို ချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ယနေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း ပွဲတော်ကြီးကို စိတ်အားထက်သန်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြသည့် အတွက်လည်း အထူးစည်ကားများပြားခဲ့ကာ တန်ဆောင်တိုင်ည၏ အလှနှင့် ရသကို အပြည့်အဝ ခံစားနိုင်ခဲ့ကြောင်း သိရှိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တရုတ် - မြန်မာယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့ပြီး လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် တရုတ် – မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ် ကောင်စစ်ဝန် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၃ ရက်မှစ၍ လေ့လာရေးခရီးစဉ်သွားရောက်ရာ ယမန်နေ့က ချူရှုံပြည်နယ်ခွဲရှိ ရွှမ်းပေါ်ခရိုင် မီဒီယာစင်တာ၊ ချားမူ သဘာဝအပန်းဖြေပန်းဥယျာဉ်၊ ရင်ပြင်၊ ချုံရှုံမြို့ရှိ တရုတ်–ယွီ တိုင်းသားရိုးရာ ချည်ထိုးလုပ်ငန်းစင်တာနှင့် ကူမင်းမြို့ရှိ ထရန်းချီတောင်ပေါ်ရေကန် အပန်းဖြေကမ်းခြေများသို့ သွားရောက်လေ့လာကြသည်။

**အမှတ်တရပစ္စည်းပေးအပ်**

ရှေးဦးစွာ ရွှမ်းပေါ်ခရိုင် မီဒီယာစင်တာသို့ ရောက်ရှိကြရာ ၎င်းတွင် ၂၀၁၈ ခုနှစ်မှစ၍ အင်တာနက်အသုံးပြု၍ Online New Media စင်တာ တည်ထောင်ပြီး ထုတ်လွှင့်ခဲ့သည့်အပြင် အခြားလူမှုမီဒီယာများမှလည်း ဖြန့်ခွဲလွှင့်တင်နေမှု၊ စတူဒီယိုတစ်ခန်းတည်းဖြင့် ဆက်တင်သုံးနေရာပြုလုပ်ထားရှိကာ စီစဉ်ရိုက်ကူးထုတ်လွှင့်နေမှု၊ သတင်းရယူ စိစစ်တည်းဖြတ်မှုလုပ်ငန်းစဉ်အတိုင်း မီဒီယာကျင့်ဝတ်လိုက်နာ လုပ်ဆောင်နေမှု၊ သတင်း အကြောင်းအရာများအလိုက် ပြည်သူများ ကြည့်ရှုမှုအရေအတွက်ကို စောင့်ကြည့်စုစည်း၍ စိစစ်ရွေးချယ်အသုံးပြုမှု လုပ်ငန်းစဉ်အား Software ဖြင့် စနစ်တကျ ရေးဆွဲဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး **(အပေါ်ပုံ)** မေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့်မီဒီယာစင်တာမှ တာဝန်ရှိသူများသည် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ရွှမ်းပေါ်ခရိုင် ချားမူသဘာဝအပန်းဖြေ ရင်ပြင်/ပန်းဥယျာဉ်သို့ ရောက်ရှိကြရာ ၎င်းနေရာရှိ သဘာဝတောတောင်၊ သစ်ပင်/ပန်းပင်များနှင့် ရေကန်များကို စုဖွဲ့ထိန်းသိမ်းပြီး မြေ စတုရန်းမီတာ ၆၀၀၀ ခန့်တွင် ကွန်ကရစ် ရင်ပြင်၊ လမ်းနှင့် တံတားများ တည်ဆောက်၍ ပြည်သူလူထုအပန်းဖြေနိုင်ရန် စီစဉ်ထားရှိမှု၊ ရွှမ်းပေါ်ခရိုင်ရှိ တောတောင်သစ်တောများတွင် ဒေါင်းစိမ်း ဒေသမျိုးရင်း ကောင်ရေ ၃၀၀ ခန့်ကို သဘာဝအလျောက် ထိန်းသိမ်းထားရှိရာ ကမ္ဘာ့လက်ရှိ ဒေါင်းကောင်ရေ ၆၀၀ ခန့် ထိန်းသိမ်းထားရှိမှုအနက် တစ်ဝက်ခန့်ကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှု အခြေအနေများကို ဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားမှုနှင့် ဒေသထွက်ကုန်များ ခင်းကျင်းပြသထားမှုတို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

**ရိုးရာကျားသစ်အက ကပြတင်ဆက်**

ထို့နောက် တရုတ်–ယွီ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာတူရိယာများဖြင့် သီဆိုတီးမှုတ်၍ ကပြတင်ဆက်မှုကိုလည်းကောင်း၊ ကလေးငယ်နှစ်ဖွဲ့က ရိုးရာကျားသစ်အကနှင့် တူရိယာများတီးခတ်၍ ကပြတင်ဆက်မှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ကလေးငယ်များအား စားသောက်ဖွယ်ရာများ ပေးဝေကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချုံရှုံမြို့ရှိ တရုတ် – ယွီ တိုင်းရင်းသားရိုးရာ ဒစ်ဂျစ်တယ်ချည်ထိုးလုပ်ငန်းစင်တာသို့ သွားရောက်ကြပြီး ၎င်းလုပ်ငန်းစုကို ၂၀၂၂ ခုနှစ်က အလုပ်ရုံ ၁၃ စုဖြင့် စတင်ခဲ့ရာမှ ယခုနှစ်တွင် အလုပ်ရုံပေါင်း ၅၀၀ ကျော်အထိ တိုးတက်လာသကဲ့သို့ ဝင်ငွေရရှိမှုလည်း တိုးတက်မြင့်မားလာရာ ယခုအခါ "နေအိမ်တိုင်းမှာ ချည်ထိုးငွေရှာ" အဆိုဖြစ်လာကြောင်း၊ ၎င်းတို့အား ရှန်ဟိုင်းမှ ကုမ္ပဏီကြီးများက အဓိက ကူညီမတည်ဖြည့်ဆည်းပေးပြီး ဈေးကွက် မြှင့်တင်ပေးခဲ့ရာ ၎င်းတို့ ချည်ထိုးပုံစံနှင့် အဝတ်အထည် အမျိုးအစား၊ ဒီဇိုင်းတို့အား ရှန်ဟိုင်း၊ ပေကျင်းတို့မှတစ်ဆင့် ပဲရစ်၊ မီလန် ပြပွဲများအထိ ထိုးဖောက်နိုင်ပြီဖြစ်ကြောင်း သိရပြီး ဒီဇိုင်းပုံစံ၊ အဝတ်အထည်များ၊ မှတ်တမ်းဓာတ်ပုံများ၊ လက်တွေ့ ချည်ထိုးပြသခြင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် တရုတ် – ယွီ တိုင်းရင်းသား၊ တိုင်းရင်းသူမော်ဒယ်များက ၎င်းတို့ရိုးရာကို ဆန်းသစ်ထားသော ချည်ထိုးဝတ်စုံများဖြင့်ဝတ်ဆင်ပြီး ပြသတင်ဆက်ကြရာ မြန်မာ့ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့က "မလေးလက်ခတ်သံ" တေးသီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယိမ်းအဖွဲ့က "လှမ်းခဲ့ပေါ့ မန္တလာမြေ" ယိမ်းအကဖြင့်လည်းကောင်း ပါဝင်ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ညနေပိုင်းတွင် ကူမင်းမြို့ရှိ ထရန်းချီတောင်ပေါ်ရေကန် အပန်းဖြေကမ်းခြေတွင် ပြည်တွင်း/ပြည်ပ ခရီးသွားများ လမ်းလျှောက်ခြင်း၊ မော်တော်စီးခြင်း၊ ကောင်းကင် ဓာတ်ရထားစီးခြင်းတို့ဖြင့် လာရောက်အပန်းဖြေ လေ့လာနေမှု၊ ယင်းတောင်ပေါ်ရေကန်သို့ သဘာဝဆောင်းခိုစင်ရော်ငှက်များ ရောက်ရှိနေမှုနှင့် ခရီးသွားလည်ပတ်သူများက ငှက်စာကျွေးမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ထရန်းချီ တောင်ပေါ်ရေကန်အား "တောင်ပေါ်ကုန်းမြင့်ဒေသတွင် မြှုပ်ထားသော တောက်ပသည့် ပုလဲ" ဟု တင်စားခေါ်ဆိုကြကြောင်း၊ ပေကျင်းမြို့ကြီးရှိ နွေရာသီနန်းတော်နှင့် ယှဉ်တွဲနေသည့်ရေကန်ပုံစံကို အတုယူတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါရေကန်မှာ မြောက်မှတောင်သို့ ကီလိုမီတာ ၄၀ ရှည်လျားကာ ၁၂.၅ ကီလိုမီတာ ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၈၈၆ မီတာတွင်တည်ရှိကြောင်း၊ ရေကာတာ နှစ်ခုဖြင့် အပိုင်းနှစ်ပိုင်းခွဲထားပြီး ကန်၏ မြောက်ဘက်စွန်းကို ချောင်ဟိုင်၊ တောင်ဘက်စွန်းကို ဝေဟိုင် ဟုခေါ်ဆိုကြောင်း၊ ယူနန်ပြည်နယ်ရှိ အခြားရေကန်များနည်းတူ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရာတွင် အရေးပါသည့် ရေကန်တစ်ခုဖြစ်ကြောင်း သိရသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ကျောက်ဆည်ကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် လတ်တလောစိုက်ပျိုးရေပေးဝေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာ အနီးရှိ ကျောက်ဆည်ကန်တွင် ရေကျော်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ရေရှည်ဆောင်ရွက်မည့် အခြေအနေများနှင့် လတ်တလော စိုက်ပျိုးရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ စစ်ဆေးစဉ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အသစ်တည်ဆောက်မည့် ရေပိုလွှဲဒီဇိုင်း ပုံစံတွက်ချက်မှုများ၊ စက်ယန္တရားလိုအပ်ချက်များ၊ လိုအပ်သည့် Borrow မြေဧရိယာများရရှိရေး စူးစမ်းရှာဖွေခြင်းများ၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ဆည်ကန် လက်ရှိတွင် ရေလှောင်ပမာဏ ဧကပေ ၁၅၉၀ ခန့် ရေသိုလှောင်နိုင်သည့် ယာယီရေတားတမံအား (RL–576’ထိ) မြေဖို့ခြင်းလုပ်ငန်းနှင့် အကျယ်ပေ ၈၀ ရှိ ကျောက်ဖြည့်ရေပိုလွှဲကို (RL–573’ထိ) ဆောင်ရွက်ထားရှိပြီးဖြစ်၍ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပျော်ဘွယ်မြို့ ရွှေညောင်ဖူးကျေးရွာအုပ်စု တောင်သူ ဦးထွန်းရွှေ၏ ရေကြီးနစ်မြုပ် ထိခိုက်ခဲ့၍ ပြန်လည်ကုစား ဆောင်ရွက်ထားရှိသော မိုးမြေပဲ ဆင်းပဒေသာ–၁၁၊ သုံးဧကစိုက်ခင်းသို့ ရောက်ရှိပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးကြရန်၊ နေကြာသီးနှံနှင့် ပတ်သက်၍ လိုအပ်သည့်မျိုး၊ နည်းပညာများ ဖြန့်ဝေပေးကြရန် ဆွေးနွေးပြောကြားကြပြီး တောင်သူများ၏ ဆွေးနွေးတင်ပြမှုများကို ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထိုမှတစ်ဆင့် စိုက်ပျိုးရေးဦးစီးဌာန မိတ္ထီလာခရိုင် ဦးစီးမှူးရုံး၌ ဖွင့်လှစ်သည့် ရမည်းသင်း၊ ပျော်ဘွယ်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အတွင်းမှ ဝန်ထမ်းများကို ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) နှင့် ကြက်သွန်သီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး သင်တန်းသို့ ရောက်ရှိပြီး သင်တန်းသားများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ကျေးရွာအရောက်ကွင်းဆင်းကာ တောင်သူများ စိုက်ပျိုးသည့် သီးနှံအလိုက် ထိထိရောက်ရောက် ဆင့်ပွားနည်းပညာများ ဖြန့်ဝေပေးကြရန်၊ သီးနှံများ ဈေးကောင်းရရှိရေးသည် သီးနှံအရည်အသွေးပေါ်တွင် မူတည်သဖြင့် သင်တန်းသားများအနေဖြင့် နည်းပညာများ ကျွမ်းကျင်စွာ တတ်မြောက်ထားကြရန် လိုအပ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိနေသည့် ခရိုင်များအတွင်း အလားတူ သင်တန်းမျိုး ဆက်လက်ဖွင့်လှစ်ပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၁၆) ကြိမ်မြောက် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၅

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၁၆) ကြိမ်မြောက် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်လိုဏ်တော်အတွင်း၌ကျင်းပရာ နံနက် ၈ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးရှိ ဂေါပကအဖွဲ့ဝင်များနှင့် အမျိုးသမီးဝန်ထမ်းများက သာမညဖလသုတ်တော်များကို ရွတ်ဆိုပူဇော်ကြသည်။**

ထို့နောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပရာ စေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့် ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့် (ပန်းပေါင်း)ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့်ရေချမ်းတော်တို့ကို ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးတို့က အရှေ့ဘက်ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်ကို လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးက အနောက်ဘက်ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူနှင့် ဦးမင်းဦးက မြောက်ဘက်ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်ကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဦးခွန်နေထွန်းဦးက တောင်ဘက်ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်ကို လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် ဂေါပကအဖွဲ့ဝင် ဦးကျော်လွင်က မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားကြီးကိုလည်းကောင်း ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပဏ္ဍိတထံမှ ညောင်ရေသွန်းပွဲ သီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များကိုနာယူကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



# မြစ်ကြီးနားမြို့၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ
## ရိုးရာအစဉ်အလာနှင့်အညီ ဆီမီးထွန်းညှိပူဇော်

**မြစ်ကြီးနား နိုဝင်ဘာ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ၌ နှစ်စဉ် မြန်မာတို့၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ ကုသိုလ်ကောင်းမှုပြုခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပပြုလုပ်လေ့ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယနေ့ ညနေ ၅ နာရီက တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် ဆီမီးထွန်းညှိပူဇော်ခြင်း၊ ရှင်ဥပဂုတ္တမထေရ်ဖောင်အား ဆီမီး ၂၀၀၀၀ ဖြင့် ရေမျှောပူဇော်ပွဲဖြင့် ယခင်နှစ်များနှင့်မတူ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့်စေတီတော်၌ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကျင်းပပြီး ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဈေးဆိုင်ခန်းငယ်များဖြင့် အထူး စည်ကားလျက်ရှိသည့်အပြင် ဧရာဝတီမြစ်ဆိပ် ၌လည်း ရှင်ဥပဂုတ္တမထေရ်မြတ် ဖောင်တော်အား ဆီမီး ၂၀၀၀၀ ထွန်းညှိပူဇော်၍ ရေမျှောပူဇော်ခြင်းကို ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲ၍ ကောင်းမှုကုသိုလ်ပြုခဲ့ကြသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင်လည်း ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းဆုံရှိရောဝတီမြစ်ကမ်းပါး၌ တန်ဆောင်တိုင်ပွဲတော်ကို ဒေသခံဌာနေ တိုင်းရင်းသားများ ဖြစ်ကြသည့် ကချင်မျိုးနွယ်စု၊ ရှမ်းမျိုးစုနှင့် ဗမာတိုင်းရင်းသား ရိုးရာအကအလှများဖြင့် ကျင်းပလျက်ရှိသည့်အပြင် မြစ်ကြီးနားမြို့ မင်းရပ်ပြည်သူ့ရင်ပြင်နှင့် ရောဦးပန်းခြံတို့တွင်လည်း ရောင်စုံမီးအလှများ ထွန်းညှိပူဇော်ထားရှိ ပြီး ပြည်သူ့ရင်ပြင်၌ ဒေသခံ တိုင်းရင်းသား အဆိုရှင်များ၏ စင်တင်တေးဂီတအစီအစဉ်ဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့ ကျရောက်သည့် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိ ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်၊ လက်လုပ်တောင်စေတီ၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ ဗုဒ္ဓဂယာ (နေပြည်တော်)၊ မဟာသကျရုံသီရုပ်တော်မှ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်စသည့် စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာ ပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းလျက်ရှိသည်။

ထို့အတူ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓဘာသာဝင် ပြည်သူများသည် တစ်နှစ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်တွင်လည်း တန်ဆောင်မုန်းလရာသီတွင်သာ ကထိန်အလှူကို ပြုကြရသည်ဖြစ်ရာ ကထိန်အလှူဒါနမြောက်စေရန် မြို့နယ်၊ ရပ်ကွက်၊ လမ်းများအလိုက် စုပေါင်းမဟာဘုံကထိန်များ လှူဒါန်းကြပြီး အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် မြို့တွင်းလှည့်လည်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ကထိန်ခင်းခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်အခါသမယသည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ ဘုရားစေတီများသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်လျက်ရှိပြီး နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ငလိုက်ဆင်စခန်းနှင့် မင်္ဂလာကန်တော်စသည့် နေရာများတွင် လာရောက် အပန်းဖြေသူ ပြည်သူများဖြင့် စည်ကားခဲ့သည်။

“တန်ဆောင်” မှာ မီးရှူး၊ မီးတိုင်၊ ဆီမီး ဟု အဓိပ္ပာယ်ရပြီး “မုန်း”မှာ တောက်ပသည် ဟူသော အနက်ကိုယူ၍ ဝေါဟာရပေါင်းစည်းသည့်အခါ “ဆီမီးတိုင်များ မျက်စိတဆုံး ပွားများထွန်းလင်းနေသည်” ဟု ဆိုလိုသည်ဖြစ်ရာ တန်ဆောင်မုန်းလပြည့်ည အခါသမယတွင် စေတီဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံသကူအလှူ ပြုကြသူများ၊ ပုံသကူအလှူ ကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

**သတင်းစဉ်**



# တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



ရန်ကုန် နိုဝင်ဘာ ၁၅

**ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး (ယာပုံ) နှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

### လက်ယာရစ်လှည့်လည်ပူဇော်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်၍ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက အာရုံခံတန်ဆောင်းမုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရင်ပြင် ညှော့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ဂေါပကအဖွဲ့များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရေစက်ချ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိ ထံမှ ညှော့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းလောင်းအမျှပေးဝေ

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သ.စ.အ ဓမ္မာစရိယ၊ ဝဋံသကာပါဠိပါရဂူ၊ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) ထံမှ အနုမောဒနာ တရားနာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

### ကပ်လှူပူဇော်

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ အကြိမ် (၄၀) မြောက် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက မသိုးရွှေကြာသင်္ကန်းတော်များကို စေတီတော် တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ခံပြီး စေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များသည် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ သင်္ဂါယနာသာသနာ့ သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီး၏ (၂၄) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ (နေနတ်သားဆရာတော်) ဘဒ္ဒန္တ သုစိတ္တ ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြကာ ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နေနတ်သားဆရာတော်ထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့ပြင် မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိလောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ကိုးထပ်ကြီးဘုရားတို့တွင်လည်း ယနေ့နံနက်ပိုင်းမှ စတင်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) အခမ်းအနားများကို ကျင်းပကြကာ သာမညဖလသုတ္တန်ဒေသနာတော်များကို ရွတ်ဖတ်မေတ္တာပို့ ဆုတောင်းကြသည်။

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်း၍ မဟာဘုံကထိန် အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရား၊ စေတီများတွင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးကြခြင်း၊ ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များ၌ လျှပ်စစ်ရောင်စုံ မီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် လာရောက်ကြည့်ရှုသူပြည်သူများဖြင့် စည်ကား



**ရန်ကုန် နိုဝင်ဘာ ၁၅**

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ရာ ညနေပိုင်းတွင်ဈေးလာရောက်ဝယ်ယူသူများ၊ ညပိုင်းတွင် ဂီတပွဲတော် လာရောက်ဆင်နွှဲသူများ၊ မီးပုံးပျံ လွှတ်တင်မှုကို လာရောက် ကြည့်ရှုသူပြည်သူများဖြင့် စည်ကားခဲ့သည်။

ညနေပိုင်းတွင် MSME လုပ်ငန်းများနှင့် ဆက်စပ်သည့် ဈေးဆိုင်ခန်းများနှင့် အထူး Promotion အနေဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးနှင့် ငါးထွက်ကုန်များကို ဈေးနှုန်း ချိုသာစွာ ရောင်းချနေမှုကို ပြည်သူများက လာရောက်ဝယ်ယူကြသည်။

ညပိုင်းတွင် နိုင်ငံကျော် တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လူငယ်လူရွယ်များကကြည့်ရှုအားပေး၍ ပျော်ရွှင်စွာ အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့နောက် မီးပုံးပျံအသေးများ ပြည်သူများ လွှတ်တင်နိုင်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက (အခမဲ့) လိုက်လံဝေငှပေးကြရာ ပြည်သူများက မီးပုံးပျံများ စုပေါင်းလွှတ်တင်မှုနှင့် အတူ ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် စာတန်းပါ မီးပုံးပျံကြီးကို လွှတ်တင်ကြရာ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထိုသို့ မီးပုံးပျံလွှတ်တင်မှုနှင့်အတူ အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ သီတာထွန်းအမည်ရှိ ဆင်မကြီးနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဈေးနှုန်းချိုသာစွာ ကွင်းတစ်ပတ်ဆင်စီးခြင်းများဖြင့် ပြည်သူများပျော်ရွှင်စွာ ဆင်နွှဲကြသည်။

**အောင်မြင့်၊ ဆန်းကျော်ဦး(ပြန်/ဆက်)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိ

မန္တလေး နိုဝင်ဘာ ၁၅

**ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် မြို့လုံးအနှံ့ စည်ကားလျက်ရှိသည်။**



မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ဆရာတော်၊ သံဃာတော်များအမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူစဉ်။

### ခြိမ့်ခြိမ့်သဲကျင်းပ

နံနက်အရုဏ်တက်ချိန်မှ စတင်၍ မန္တလေးမြို့ရှိ ဘုရား၊ ပုထိုးစေတီများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဌာနဆိုင်ရာအသီးသီးတို့မှ ကထိန်သင်္ကန်း ကပ်လှူကုသိုလ်ပြုခြင်းတို့ကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများက ကုသိုလ်ပြုပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ပဒေသာပင်များကို သက်ဆိုင်ရာကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေး ကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ယနေ့ နံနက်ပိုင်းက ဆရာတော်၊ သံဃာတော်များအမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော် ဆက်ကပ်လှူဒါန်းကာ ရဟန်းရှင်လူပြည်သူများကလည်း ဆွမ်း၊ ရေချမ်း၊ ပန်းပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ကြခြင်းများဖြင့် စည်ကားလျက်ရှိသည်။

### ကုသိုလ်ပြုကြ

အလားတူ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော် (မန္တလေး)၊ ဝေရောစန ကျောက်စိမ်းစေတီတော် စသည့် တန်ခိုးကြီးဘုရား စေတီတော်တို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့်အပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာအာဟာရကျွေးမွေး ကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှုစိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

ညပိုင်းတွင်လည်း ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများကျင်းပခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင်လပြည့်နေ့ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပွဲသကူလိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

### လာရောက်အပန်းဖြေအနားယူ

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော် ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**မောင်အေးချမ်း**



---

# မူဆယ်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် (ပထမအကြိမ်) နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**မူဆယ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (ပထမအကြိမ်)နိဗ္ဗာန်ဈေးပွဲတော်ကို မြို့အဝင် မီးပွိုင့်အနီးရဟတ်ယာဉ်ကွင်း၌ ယနေ့ ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### ဧည့်ခံကျွေးမွေး

ဦးစွာ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် (ပထမအကြိမ်) နိဗ္ဗာန်ဈေးပွဲတော်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မိုးမြင့်ထွန်း၊ မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ တန်ဆောင်မုန်းလပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော်၌ ရခိုင်မုန့်တီ၊ မုန့်လင်မယား၊ ကြာဆံဟင်းခါး၊ လက်ဖက်ရည်၊ မုန့်၊ ပေါင်မုန့်၊ အအေး၊ ကောက်ညှင်းပေါင်း၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် စသည့်အမျိုးပေါင်း ၁၀၀ ကျော်ရှိ ဒေသရိုးရာ အစားအစာများကို ဈေးပွဲတော်လာရောက်သည့် ဧည့်ပရိသတ်များအား မဲစနစ်ဖြင့် ဧည့်ခံကျွေးမွေးသည်။

ထို့နောက် ဈေးပွဲတော်လာရောက်သည့် ဧည့်ပရိသတ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ မဲဖောက်ပေးပြီး ဈေးပွဲတော်၌ မီးပုံးပျံအကြီး၊ မီးပုံးပျံအသေးများ လွှင့်တင်ခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံး စည်းကမ်းတကျဖြင့် စည်းလုံးညီညွတ် ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး ဦးဆောင်၍ မူဆယ်မြို့အနီး ပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်း ၂၀ ရှိ သံဃာတော် များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။





မူဆယ်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် မီးပုံးပျံများ လွှတ်တင်၍ ဒေသခံများ ပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုကို တွေ့ရစဉ်။

### ကြက်ပျံမကျစည်ကား

မူဆယ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် မြို့ပေါ်ရပ်ကွက်အလိုက် ကထိန်သင်္ကန်းများ ကပ်လှူရန် ပဒေသာပင်များ မြို့တွင်းလှည့်လည်ပူဇော်ခြင်း၊ အကပဒေသာများဖြင့် လှည့်လည်ဖျော်ဖြေ၍ ညပိုင်းတွင် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ပွဲတွင် ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြပြီး ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများ၏ ဝမ်းသာပီတိစကားသံများ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါပွဲတော်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ဇာတ်မင်းသား ဖိုးချစ်နှင့်အဖွဲ့က ဇာတ်သဘင်ဖြင့် ကပြဖျော်ဖြေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချခြင်း စသည့် အစီအစဉ်ကောင်းများဖြင့် ကျင်းပပေးလျက်ရှိရာ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူလာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများနှင့် ပွဲတော်ကဏ္ဍအလိုက် ပါဝင်ဖျော်ဖြေဆင်နွှဲကြသူများ၏ ဝမ်းသာပီတိစကားသံများကို မေးမြန်းရေးသားဝေမျှလိုက်ရပါသည်။

**ဒေါက်တာ သန်းနိုင်စိုး**
**(ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ နေပြည်တော်)**

ကျွန်တော်တို့အနေနဲ့ ပွဲတော်ကြီးမှာ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု မီးပုံးပျံ လွှတ်တင်ပူဇော်ဖို့အတွက် မီးပုံးပျံဒီဇိုင်း စတင်ပြုလုပ်ပါတယ်။ နောက်ပြီး တောင်ကြီးက မီးပုံးပျံပညာရှင်တွေနဲ့ ပူးပေါင်းပြီး မီးပုံးပျံတစ်ခု ဖြစ်ပေါ်လာဖို့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဒီနေ့မှာတော့ ဝန်ကြီးဌာနကိုယ်စားပြု စိန်နားပန်မီးပုံးပျံကြီးတစ်ခု လွှတ်တင်ပူဇော်သွားမှာဖြစ်ပါတယ်။ မီးပုံးပျံနာမည်ကိုတော့ အာရောဂျံပရမံလာဘံဆိုပြီး အမည်ပေးထားပါတယ်။ မနှစ်ကလည်း ဝန်ကြီးဌာနကိုယ်စားပြုအနေနဲ့ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ပူဇော်ပွဲမှာ ပထမဆုံး လွှတ်တင်ပူဇော်ခွင့် ရရှိခဲ့ပါတယ်။ မာရဝိဇယဘုရားကြီးဆိုတာ ကျွန်တော်


ဒေါက်တာ သန်းနိုင်စိုး


ကိုစောဦး


ဦးစိုင်းဝင်းဟန်


ဒေါ်ကေသီမြင့်


မောင်နိုင်းနိုင်း


မောင်ကောင်းခန့်ဇော်

တို့ နိုင်ငံတင်သာမက ကမ္ဘာပေါ်မှာပါ အကြီးမားဆုံး စကျင်ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်ပါတယ်။ ဘုရားကြီးတည်ထားပူဇော်ရတဲ့ ရည်ရွယ်ချက်ကလည်း တစ်ကမ္ဘာလုံးငြိမ်းချမ်းစေဖို့အတွက် ပူဇော်ထားတာဖြစ်ပါတယ်။ အခုလို ထူးမြတ်တဲ့နေရာမှာ မီးပုံးပျံကပ်လှူပူဇော်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးမိပြီး ဂုဏ်ယူမိပါတယ်။

**ကိုစောဦး**
**(ဘုရားဖူးပြည်သူ၊ ဇေယျာသီရိမြို့နယ်)**

ကျွန်တော် ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့မှာ မာရဝိဇယဘုရားကြီးကို ဖူးမြော်တာ စိတ်ထဲမှာအေးချမ်းပြီး ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ ကျောက်စာရုံတွေဘက်လည်း ကြည့်ရှုလေ့လာခဲ့ပါတယ်။ အခုတော့ မီးပုံးပျံလွှတ်တင်မှာကို စောင့်နေတာဖြစ်ပါတယ်။ ရင်ပြင်တော်မှာ ရှမ်းရိုးရာအကအလှတွေ၊ ရှမ်းအိုးစည်သံတွေအပြင် ဆင်အက၊ အိုးစည်သံတွေနဲ့ အလွန်ကြည်နူးဖို့ကောင်းပါတယ်။ ဘုရားကြီးမှာ ဒုတိယအကြိမ် မီးပုံးပျံလွှတ်တင်ပူဇော်တာဆိုပေမယ့် အရင်နှစ်က ခရီးလွန်နေလို့ ရုပ်မြင်သံကြားကပဲ ကြည့်ခွင့်ရပါတယ်။ အခုအပြင်မှာ မြင်တွေ့ရတော့ ကြည်နူးရင်ခုန်မိပါတယ်။ အရင်တုန်းကတော့ ရှမ်းပြည်နယ် တောင်ကြီးကို တကူးတက သွားခဲ့ကြရတာဖြစ်ပါတယ်။ အခုတော့ နေပြည်တော်မှာပဲ ရှမ်းရိုးရာအငွေ့အသက်တွေနဲ့ ကြည့်ရတာဆိုတော့ ရှမ်းပြည်နယ် ရောက်သွားသလိုပါပဲ။ ပြီးရင်တော့ ပွဲဈေးတန်းလျှောက်ကြည့်မှာဖြစ်ပါတယ်။ အရောင်းပြခန်းတွေလည်းရှိတယ်ဆိုတော့ နှစ်သက်တာတွေ့ရင် ဝယ်ယူဖို့ စိတ်ကူးထားပါတယ်။ မကြည့်ရတာကြာပြီဖြစ်တဲ့ ဇာတ်ကပွဲလည်း ကြည့်သွားမှာ ဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ကစပြီး မြန်မာနိုင်ငံနဲ့တကွ ပြည်သူပြည်သားအားလုံး အေးချမ်းသာယာကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးပါတယ်။

**ဦးစိုင်းဝင်းဟန် (ရှမ်းတိုင်းရင်းသားရိုးရာအက၊ ဖျော်ဖြေရေးအဖွဲ့)**

ကျွန်တော်က ရှမ်းရိုးရာအကနဲ့ ဖျော်ဖြေဖို့အတွက် တောင်ကြီးကနေ လာရောက်တာဖြစ်ပါတယ်။ နေပြည်တော်မှာ မီးပုံးပျံလွှတ်တင်ပူဇော်တာကို ပထမဆုံး ရောက်ဖူးတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရှမ်းရိုးရာအက၊ ကိန္နရီအက၊ တိုးနရားအက၊ ရှမ်းအိုးစည်တို့နဲ့ လာရောက်ဖျော်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။ နေပြည်တော်မာရဝိဇယဘုရားကြီးမှာ ရှမ်းတိုင်းရင်းသားတို့ရဲ့ အကအလှချပြခွင့်လည်း ရတဲ့အပြင် အခြားအကအလှတွေကို တွေ့မြင်ရတဲ့အတွက် ဗဟုသုတတွေလည်း ရရှိပါတယ်။

**ဒေါ်ကေသီမြင့်**
**(ဘုရားဖူးပြည်သူ၊ နေပြည်တော်)**

ကျွန်မအနေနဲ့ ဘုရားကြီးရဲ့ တန်ဆောင်တိုင်ပွဲတော်ကို ဒီနေ့မှ လာရောက်ဆင်နွှဲခြင်းဖြစ်ပါတယ်။ အရင်ရက်တွေကတော့ ရုပ်မြင်သံကြားကပဲ ပူဇော်ခွင့်ရရှိခဲ့ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆင်နွှဲရတဲ့အတွက် ရင်ထဲမှာ ဝမ်းသာမိပါတယ်။ ဒီလို တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆိုတာ တောင်ကြီးမြို့ကို တကူးတက သွားရောက်မှသာ မြင်တွေ့ခွင့်ရတဲ့ မြင်ကွင်းဖြစ်ပါတယ်။ အခုဆို နိုင်ငံတော်အကြီးအကဲတွေက စေတနာ၊ မေတ္တာရှေ့ထားပြီး ထူးမြတ်လှတဲ့ မာရဝိဇယဘုရားကြီးမှာ ကြီးကျယ်ခမ်းနားစွာနဲ့ ကျင်းပပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေကိုလည်း ဒီလိုပဲ ကျင်းပပေးဖို့ မျှော်လင့်မိပါတယ်။

**မောင်နိုင်းနိုင်း**
**(ကျောင်းသား၊ ဖျော်ဖြေရေးအဖွဲ့)**

ကျွန်တော်ကတော့ အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသားတစ်ယောက်ဖြစ်ပါတယ်။ အခုလို တန်ဆောင်တိုင်ပွဲတော်မှာ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာန ကိုယ်စားပြု ဖျော်ဖြေရေးယိမ်းအဖွဲ့အနေနဲ့ ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်။ ဒီလိုစည်ကားလှတဲ့ တန်ဆောင်တိုင်ပွဲတော်ကို ကျွန်တော့်ဘဝမှာ တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ အခုလို ကြီးကျယ်ခမ်းနားလှပြီး စည်ကားလှတဲ့ တန်ဆောင်တိုင်ပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ဆုံတွေ့ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ပွဲတော်ကြီးမှာလည်း မီးရှူးမီးပန်းပစ်ဖောက်ပူဇော်မှုတွေ၊ မီးပုံးပျံလွှတ်တင်ပူဇော်မှုတွေကို မြင်တွေ့ရတဲ့အတွက်လည်း အံ့သြဝမ်းသာမိပါတယ်။

**မောင်ကောင်းခန့်ဇော်**
**(ကျောင်းသား၊ ဖျော်ဖြေရေးအဖွဲ့)**

ကျွန်တော်ကတော့ တန်ဆောင်တိုင်ပွဲတော်ကြီးမှာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကနေပြီး ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ဖျော်ဖြေရေးအနေနဲ့ ပါဝင်သွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ ဒီလိုဖျော်ဖြေရေးအနေနဲ့ မပါဝင်ဘူးပါဘူး။ ကျွန်တော့်အတွက်ကတော့ ပထမဆုံးဖြစ်တဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားမိပါတယ်။ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှာ မြင်တွေ့ဖူးပါတယ်။ အခုလိုနေပြည်တော်မှာ စည်စည်ကားကားနဲ့ ကျင်းပပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ တန်ဆောင်တိုင် ညရဲ့အလှကို အပြည့်အဝခံစားခွင့်ရခဲ့တယ်လို့ ခံစားမိပါတယ်။

**တွေ့ဆုံမေးမြန်း – မျိုးဆက်သစ်၊**
**ဓာတ်ပုံ – ကိုကြီးထိန်**






# မြို့နယ်အသီးသီး၌ တန်ဆောင်မုန်းလပြည့်နေ့ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ



ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် တတိယနေ့လှည့်လည်အပူဇော်ခံပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ မိုးစက်(ဘိုကလေး)



ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်လုံးဆိုင်ရာ ဒီပင်္ကရာမြတ်စွာဘုရားနှင့် နောက်ပါသံဃာတော်အပါး ၁၅၀ ကျော်တို့ ကြံခင်းမြို့ပေါ်ရပ်ကွက်များသို့ နိုဝင်ဘာ ၁၅ ရက်က ဒေသစာရီအပူဇော်ခံကြွချီတော်မူစဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြပြီး ဒေသခံအဆိုတော်များ၏ ကပြသီဆိုဖျော်ဖြေမှုများကို စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးစဉ်။ ဇော်ကိုကို (တောင်ငူ)



ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝပိုင်း(၁)လမ်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော အိမ်မဲမြို့တည်သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းက ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ ချစ်သက်လယ်(အိမ်မဲ)



မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ကကြီးမှူး၍ နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့ညက ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးမှ မွန်ရပ်မိရပ်ဖများ၊ မွန်လူငယ်မောင်မယ် ၂၀၀ ခန့်က မွန်ရိုးရာဝတ်စုံများဝတ်ဆင်၍ ဆီမီးဖယောင်းတိုင်များဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထွန်းညှိပူဇော်စဉ်။ မျိုးမင်းသူရ



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးရင်ပြင်၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းက ကျင်းပစဉ်။ ကျိုက်ထို(ပြန်/ဆက်)



ကရင်ပြည်နယ် ဘားအံမြို့ ကျက်သရေဆောင် သေဠမာရ်အောင်ဘုရားကြီးအား ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)က ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေးစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျက်သရေဆောင် ရွှေမင်းဝန်စေတီတော်မြတ်ကြီး၏ (၁၈၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်း၊ စာရေးတံမဲနှင့် ငွေပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပစဉ်။

စိုးလင်းနိုင် (IPRD)



မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင်လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိစဉ်။

ခရိုင်(ပြန်/ဆက်)



၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးသူများ၊ အလှူဒါနပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ခင်စန်းမြင့် (ပြန်/ဆက်)



ပဲခူးမြို့ရှိ ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ ကျိုက်ပွန်ဘုရား၊ ဟင်္သာကုန်းဘုရား၊ ရွှေဂူကြီးဘုရားနှင့် ရွှေဂူလေးဘုရားတို့တွင် နိုဝင်ဘာ ၁၅ ရက်က ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်ကြသူများ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိစဉ်။ ခရိုင်(ပြန်/ဆက်)

# အေပက်နှင့် ဂျီ -၂၀ အစည်းအဝေးတို့သို့ တက်ရောက်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အမေရိကန်မှ ထွက်ခွာ



**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ သမ္မတသက်တမ်းအတွင်း နောက်ဆုံးတက်ရောက်ရမည့် ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန်အတွက် ဝါရှင်တန်မှ ထွက်ခွာခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

သမ္မတ ဂျိုးဘိုင်ဒင်သည် အေးပက်(အာရှ – ပစိဖိတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်)သို့ တက်ရောက်ရန် ပီရူးနိုင်ငံသို့ ဦးစွာသွားမည်ဖြစ်ကြောင်း၊ ထို့နောက် ဂျီ -၂၀ အစည်းအဝေးသို့ တက်ရောက်ရန် ဘရာဇီးနိုင်ငံသို့ သွားမည်ဖြစ်ကြောင်း၊ သမ္မတဘိုင်ဒင်သည် ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှီဂဲရု၊ တောင်ကိုရီးယားသမ္မတ ယွန်းဆော့ယိုးတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ ပုဂ္ဂိုလ်သုံးဦးသည် အမေရိကန် သမ္မတအသစ် ဒေါ်နယ်ထရမ့်၏သမ္မတသက်တမ်း အကူးအပြောင်းတွင် ၎င်းတို့အတူတကွလုပ်ဆောင်ခဲ့သည့် တိုးတက်မှုများ စနစ်တကျဖြစ်စေရန် ဆွေးနွေး သွားမည်ဖြစ်သည်ဟု အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ ဂျိတ်ဆူလေဗန်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးများကို အစ္စရေးလေယာဉ်များ တိုက်ခိုက်

**ဘေရွတ် နိုဝင်ဘာ ၁၅**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ဆင်ခြေဖုံးဒေသ အဆောက်အအုံများ၌ နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်ပြီးနောက် ဂိုဘီယာရီဧရိယာကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် အစ္စရေးတိုက်လေယာဉ်များဖြင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစ္စရေးမောင်းသူမဲ့လေယာဉ်တစ်စင်းက ဂိုဘီယာရီဧရိယာကို တိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့မှုကြောင့် ဂိုဘီယာရီမြူနီစီပယ်ဌာနချုပ် အနီးရှိ အဆောက်အအုံတစ်ခု ဆိုးဆိုးရွားရွားပျက်စီးသွားကြောင်း လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီက ဖော်ပြသည်။

အစ္စရေးတပ်မတော်က ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးရှိနေရာအများအပြားကို ပြီးခဲ့သည့် နှစ်ရက်အတွင်း ပြင်းထန်စွာ စီးနင်းတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပေါ်ခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစ၍ လက်ဘနွန်ကို အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၃၈၆ ဦးနှင့် ဒဏ်ရာရရှိသူ ၁၄၄၁၇ ဦးအထိ ရှိလာခဲ့သည်။

**ဆင်ဟွာ**



ဘေရွတ်တောင်ပိုင်း၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် မီးခိုးများ ထွက်ပေါ်သည်ကို တွေ့ရစဉ်။

# သီရိလင်္ကာသမ္မတ ဒစ္စနာယာကီ၏ ညွန့်ပေါင်းအဖွဲ့ ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိ

**ကိုလံဘို နိုဝင်ဘာ ၁၅**

သီရိလင်္ကာသမ္မတ အနူရာကူမာရာ ဒစ္စနာယာကီ ဦးဆောင်သည့် လက်ဝဲယိမ်းညွန့်ပေါင်းအဖွဲ့သည် ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း သီရိလင်္ကာရွေးကောက်ပွဲ ကော်မရှင်၏ နိုဝင်ဘာ ၁၅ ရက်က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

သမ္မတ ဒစ္စနာယာကီက စက်တင်ဘာလတွင် သမ္မတဖြစ်လာပြီးနောက် သီရိလင်္ကာပြည်သူများကို အပြင်းအထန်ထိခိုက်စေခဲ့သည့် စီးပွားရေးအကျပ်အတည်း ကြုံတွေ့ခဲ့ရသဖြင့် လုပ်ဆောင်ခဲ့သည့် ခြိုးခြံချွေတာရေး မူဝါဒများကို ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့သည်။

သမ္မတဟောင်း ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီက အခွန်တိုးမြှင့်ခြင်းနှင့် လျှပ်စစ်မီတာခများ တိုးမြှင့်ခြင်းဖြင့် ခြိုးခြံချွေတာရေးဆိုင်ရာ မူဝါဒအစီအမံများကို အကောင်အထည်ဖော်ခဲ့သည်။ ဒစ္စနာယာကီက အဆိုပါမူဝါဒများကို ပြန်လည်သုံးသပ်ရန် တောင်းဆိုခြင်းဖြင့် စက်တင်ဘာလတွင် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ခဲ့သည်။

ယခု နိုဝင်ဘာ ၁၄ ရက်က မဲခွဲမှုတွင် အမျိုးသားပြည်သူ့အင်အားပါတီ (အင်န်ပီပီ) က အမတ်နေရာ ၂၂၅ နေရာ အနက် ၁၅၉ နေရာဖြင့် အနိုင်ရခဲ့သည်။ သမ္မတ ဒစ္စနာယာကီက ဆင်းရဲသားများအတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထောက်ခံသူတစ်ဦးက ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၄၀ ကျော်ကို တူကီယဲနိုင်ငံ၌ ဖမ်းဆီး

**အင်ကာရာ နိုဝင်ဘာ ၁၅**

တူကီယဲနိုင်ငံ၏ လူဦးရေ အထူထပ်ဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မြို့အက်စည်န်ယွတ်ခရိုင်၌ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၄၂ ဦးကို တူကီယဲနိုင်ငံက ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ကယ်လ်ကန်-၂၉ ဟု အမည်ပေးထားသည့် လုံခြုံရေးဆိုင်ရာစစ်ဆင်ရေးတွင် ရွှေ့ပြောင်းနေထိုင်မှု စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးဦးစီးဌာနနှင့် တူကီယဲရဲတပ်ဖွဲ့တို့ဦးစီးကာ ပန်းခြံများ၊ ဟိုတယ်များနှင့် အဓိကလမ်းမကြီးများ အပါအဝင် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုများကို ပစ်မှတ်ထားကာ ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။ အဆိုပါ စစ်ဆင်ရေးတွင် ရဲအရာရှိ ၃၇၀၊ ရွှေ့ပြောင်းနေထိုင်သူများ စီမံခန့်ခွဲမှုဝန်ထမ်း ၉၃ ဦး တပ်ဖြန့်ချထားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

ယခုနှစ်အတွင်း တူကီယဲ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေး ၆၃၃၉ ကြိမ်ပြုလုပ်ခဲ့ပြီး လူကုန်ကူးမှုအဖွဲ့အစည်းများကို နှိမ်နင်းခဲ့ရာ ရာဇဝတ်မှုကျူးလွန်သူ ၃၉၂၄ ကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ တူကီယဲနိုင်ငံသည် ဥရောပ၊ အာရှနှင့် အရှေ့အလယ်ပိုင်းအကြားတွင် တည်ရှိပြီး ထူးခြားသည့် ပထဝီအနေအထားကြောင့် တရားမဝင်ခိုးဝင်နေထိုင်သူများအရေး ဖြေရှင်းရာတွင် ကြီးမားသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။

တူကီယဲနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများ ဥရောပနိုင်ငံများသို့ သွားရန် အဓိကလမ်းကြောင်းပေါ်၌ ရှိနေသည့်အတွက် ပဋိပက္ခဖြစ်ပွားရာနေရာများ အထူးသဖြင့် ဆီးရီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိကဝင်ပေါက်သဖွယ် ဖြစ်နေသည်။ မကြာသေးမီနှစ်များအတွင်း တူကီယဲနိုင်ငံသည် နယ်စပ်လုံခြုံရေးကို တင်းကျပ်ခဲ့ပြီး လူမှောင်ခိုလုပ်ငန်းများ တိုးပွားလာမှုကို တိုက်ဖျက်ရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အရှိန်တိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# စပိန်နိုင်ငံရှိ ဘိုးဘွားရိပ်သာ မီးလောင်မှုဖြစ်ပွား၊ ၁၀ ဦး သေဆုံး

**မက်ဒရစ် နိုဝင်ဘာ ၁၅**

စပိန်နိုင်ငံမြောက်ပိုင်းရှိ ဘိုးဘွားရိပ်သာတစ်ခု၌ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ ၁၀ ဦး သေဆုံးခဲ့ပြီး နှစ်ဦးမှာ ပြင်းထန်ဒဏ်ရာများဖြင့် ဆေးရုံတက်ကာ ကုသမှုခံယူနေရကြောင်း အာဏာပိုင်များက ပြောသည်။

ဗီလာဖရန်ကာ ဒီအာဘရိုမြို့ရှိ ဘိုးဘွားရိပ်သာ၌ နံနက် ၅ နာရီတွင် မီးစတင်လောင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ မီးသတ်သမားများက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့သည်။ ယခုအချိန်အထိ လူသေအလောင်း ၁၀ လောင်း တွေ့ရှိခဲ့ပြီး ၎င်းတို့မှာ မီးခိုးငွေ့များ ရှူရှိုက်မိခြင်းကြောင့် မီးခိုးမွန်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများမှာ ဘိုးဘွားများ သို့မဟုတ် ရိပ်သာမှ ဝန်ထမ်းများဆိုသည်ကိုမူ မသိရသေးချေ။ အဆိုပါ ဘိုးဘွားရိပ်သာတွင် သက်ကြီးဘိုးဘွား ၈၂ ဦး နေထိုင်သည်ဟု မြို့တော်ဝန် ဇော်ဂါရာမီရက်ဇ်က ပြောသည်။ မီးလောင်မှု ဖြစ်ပွားချိန်တွင် အဆိုပါရိပ်သာမှ ဝန်ထမ်းနှစ်ဦး ထက်မနည်း မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းခဲ့သည်။

မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆေးမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်ပွားရာ နေရာတွင် ကျန်ရှိနေကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ဆင်ဟွာ**




မီးလောင်မှုဖြစ်ပွားရာနေရာ၌ မီးသတ်ကားများကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသားလေးဦး(စိစစ်ဆဲ)က သေနတ်များကိုင်ဆောင်ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်းအလုံး ၂၀၊ တန်ဖိုးငွေကျပ် ၁၁၂၁ သိန်းခန့်ကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်သူတရားခံများ ခိုအောင်းရောက်ရှိ နေထိုင်လျက်ရှိသည့် အငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန်ကြိုးစားသဖြင့် ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ဖန်လီ(၃၄)နှစ် (ဘ)ဦးဖန်ကျင်းလျှမ်ပါ အမျိုးသားလေးဦးအား လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်တစ်စီး၊ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း နိုဝင်ဘာ ၁၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အမှုမှ လူသတ်လုယက်မှုကျူးလွန်စဉ် တရားခံများ အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးကို သိမ်းဆည်းရမိနိုင်ရေး နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ဒေါ်တွမ်ရွှေရှန်း(စိစစ်ဆဲ)ပိုင်ဆိုင်သည့် အိမ်အမှတ်(ပလ-၂/၆၆၂)အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ ထပ်မံသိမ်းဆည်းရမိသော လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှစ်စီးနှင့် လက်နက်ခဲယမ်းများ။



၎င်းနေအိမ်၌ လူနေထိုင်ခြင်းမရှိဘဲ ဧည့်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SHN/10109 Wave-110 ဆိုင်ကယ်နှင့် SHN/10543 Wave-110 ဆိုင်ကယ် နှစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး နေအိမ်ကို အသေးစိတ်စစ်ဆေးရှာဖွေခဲ့ရာ အိပ်ခန်းအတွင်းရှိ အိမ်သာမျက်နှာကြက်ပေါ်မှ အမေရိကန်နိုင်ငံထုတ် M-4 Carbine CAL 5.56 MM အမျိုးအစားသေနတ် လေးလက်၊ ၎င်းကျည်အတောင့် ၁၃၀၊ ကျည်အိမ် နှစ်ခု၊ ချက်နိုင်ငံထုတ် CZECH REPUBLIC 9MM CZ အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ် တစ်ခု၊ AK- 47 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည် ၇၈ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ထိတ် သုံးကွင်း၊ ပြောက်ကျား အစိမ်းရောင်ယူနီဖောင်း သုံးစုံ၊ ပြောက်ကျားဦးထုပ်ဝိုင်း ငါးလုံး၊ အစိမ်းရောင်လည်တိုဖိနပ် နှစ်ရန်၊ ပြောက်ကျားအစိမ်းရောင်မိုးကာ ငါးထည်၊ အနက်ရောင်ခေါင်းစွပ် နှစ်ခု၊ သေနတ်တိုက်တံ နှစ်ချောင်း၊ သေနတ်တိုက်ဆီ လေးဘူးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံအမျိုးသမီးသုံးဦးအား သတ်ဖြတ်၍ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းမှားများဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နှောကုန်းကျေးရွာ၌ နိုဝင်ဘာ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်၍ နေအိမ် ၂၀၀ နီးပါးခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ဒေသခံအမျိုးသမီးသုံးဦးအား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ RFA Burmese က သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပခုက္ကူမြို့နယ်အတွင်း နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါသတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒိုတာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏




လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thitsar Nway Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက်နေ တင့်လွင်အား ည ၉ နာရီ မိနစ် ၂၀ တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနှင့် ကြက်သွန်နီသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာသင်တန်းဖွင့်လှစ်ပို့ချ

**မိတ္ထီလာ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)နှင့် ကြက်သွန်နီသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာသင်တန်းကို နိုဝင်ဘာ ၁၄ ရက်က မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

မန္တလေး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က သင်တန်းမှ ရရှိလာသော နည်းပညာများကို တောင်သူများထံ နည်းပညာများ ပြန့်ပွားရေး ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။ ယင်းနောက် မိတ္ထီလာခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စန္ဒာလင်းက ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) နှင့် ကြက်သွန်နီသီးနှံ အထွက်နှုန်း တိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးသက်နိုင်အေးက ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆက်လက်ဆောင်ရွက်ရမည့် နည်းပညာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နေကြာအထွက်နှုန်း တိုးတက်ရေးနှင့် စံကွက်ရိတ်သိမ်းနည်း၊ နှမ်းနှင့် မြေပဲ အထွက်နှုန်းတိုးတက်ရေးနှင့် စံကွက်ရိတ်သိမ်းနည်း၊ ကြက်သွန်သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် စံကွက်ရိတ်သိမ်းနည်းများကို သင်ကြား ပို့ချမည်ဖြစ်ကာ သင်တန်းသို့ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့မှ ခြံ၊ စိုက်ကွင်း ဝန်ထမ်း ၆၂ ဦး၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်တို့မှ ခြံဝန်ထမ်း ၂၀ စုစုပေါင်း ၈၂ ဦး တက်ရောက်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး ဝိုင်းဝန်းကာကွယ်တားဆီးစို့

အလင်းရောင်(ဘသန်း)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေး၊ အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအတွက် ဘေးကင်း စိတ်ချရသည့်ကုန်စည်များ အာမခံချက်ပေးနိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာမှ ပါဝင်နေပါသည်။**

ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို ပပျောက်စေရန် အထူးအာရုံစိုက် ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း MSMEs နှင့် စက်မှုဇုန်များက သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ နိုင်ငံ့ဝင်ငွေနှင့် သုံးစွဲငွေမျှတရန်အတွက် ပို့ကုန်တင်ပို့မှု ပိုမိုအားကောင်းစေရန်နှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းထက် စက်မှုထွက်ကုန် တစ်နည်းအားဖြင့် Value Added ကုန်ချောပစ္စည်းများ တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။

**❖ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက် ရရှိမည့်အခွန်အခများဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာစနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်းမတည်ငြိမ်မှု ဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန်ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ခြင်း စသည့်ဆိုးကျိုးများအပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်ခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ဆောင်ရွက်ရာတွင် မိမိတို့အားလုံးက "အမျိုးသားရေးတာဝန်" တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည်**

**တရားမဝင် တင်သွင်းလာမှုများကို စနစ်တကျ တားဆီးစစ်ဆေး အရေးယူရပေမည်**

ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောများ ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြား ထုတ်လုပ်ကြသည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်း စက်မှုထုတ်ကုန်ချောများအနေဖြင့် ထုတ်လုပ်နိုင်မှု အားနည်းချက်၊ ကန့်သတ်ချက်များရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ စက်မှုဇုန်ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်ပေသည်။ ထို့ကြောင့် ပြည်တွင်းသုံးအပြင် ထုတ်လုပ်ကုန်ချောပစ္စည်းများကို ပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပမှ တရားမဝင်ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူရပေမည်။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့်အတွက် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်လာမည်ဖြစ်သည်။ ယခင်ခေတ်အဆက်ဆက်တွင် အခွန်ရှောင်တိမ်းမှုများကြောင့် မှောင်ခိုဈေးကွက်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုခေတ်က အခေါ် အဝေါ်အရ မှောင်ခိုဈေးကွက်မှာ ယခုခေတ်တွင် တရားမဝင်ကုန်သွယ်မှုဖြစ်သည်။ နိုင်ငံတော်ကို အမှန်တကယ် ပေးသွင်းရမည့်အခွန်ငွေကို ရှောင်လွှဲလိုခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုပြုနေခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။

**ဆုကြေးချီးမြှင့်ရေး ဆောင်ရွက်လျက်ရှိ**

တရားမဝင် ဝင်ရောက်မှုများကို တားဆီးဆောင်ရွက်ခြင်းမှာ အကြမ်းဖက်အဖျက်သမားတို့၏ တရားမဝင်လက်နက်ခဲယမ်းများ တင်သွင်းခြင်းကိုလည်း တားဆီးသည့် လုပ်ဆောင်မှုမျိုးဖြစ်ခြင်းကြောင့် လုံခြုံရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြားငွေ ယိုစီးမှုများကို တားဆီးနိုင်ခဲ့သည်။ ထို့ပြင် တရားမဝင် သစ်ထုတ်လုပ်မှုများကို တားဆီးနိုင်မှုကြောင့် နိုင်ငံ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုကို ကာကွယ်နိုင်သည့်အပြင် သစ်တောထိန်းသိမ်းရေးအတွက်လည်း များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် အရေးယူလျက်ရှိသကဲ့သို့ စုံစမ်းထောက်လှမ်း ရှာဖွေဖမ်းဆီးသည့်အဖွဲ့များကိုလည်း သတ်မှတ်ရာခိုင်နှုန်းဖြင့် ဆုကြေးချီးမြှင့်ရေး ဆောင်ရွက်လျက်ရှိသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက် ရရှိမည့်အခွန်အခများဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာစနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်းမတည်ငြိမ်မှု ဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန် ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ခြင်း စသည့် ဆိုးကျိုးများအပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်ခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ဆောင်ရွက်ရာတွင် မိမိတို့အားလုံးက **"အမျိုးသားရေးတာဝန်"** တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သတင်းပေးသူများကို ဆုကြေးငွေ မြန်မြန်ဆန်ဆန် ချီးမြှင့်ပေးခဲ့ပြီး သတင်းကွန်ရက်တည်ဆောက်ထားရန်နှင့် ရရှိလာသည့်သတင်းများကို အကျိုးရှိစွာ အသုံးချတားဆီးစစ်ဆေး အရေးယူကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာဆုံးရှုံးနေရသည်ကို သိရှိကြပြီး တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများကို ဝိုင်းဝန်းမြှင့်တင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။








အောက်တိုဘာ ၃၁ ရက်က အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်းနှင့် မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။







နိုဝင်ဘာ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ထားဝယ် နိုဝင်ဘာ ၁၅

**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ထားဝယ်မြို့တော်ခန်းမ အဆောက်အအုံသစ်တည်ဆောက်နေမှုနှင့် ကမ်းနားလမ်းတစ်လျှောက် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ တာဝန်ခံအင်ဂျင်နီယာ ဦးရဲထက်ဇော်က အဆောက်အအုံသစ်ဆောက်လုပ်နေမှု အခြေအနေများနှင့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံသစ်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး အဆောက်အအုံအတွင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထားဝယ်မြို့တော်ခန်းမအသစ်၏ အဆောက်အအုံအမျိုးအစား 1.5 Storey R.C.C Building၊ အဆောက်အအုံအရွယ်အစား ပေ(၂၁၅ x ၁၁၀) (၄၀၁၆၄ စ/ပေ)၊ ခန်းမအတွင်း ဝင်ဆံ့လူဦးရေ မြေညီထပ် ၇၂၈ ဦး၊ ပထမထပ် ၁၀၆ ဦးဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးပြီးစီးမှု ၅၃ ရာခိုင်နှုန်းဖြစ်ကာ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ အထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ်းနားလမ်းတစ်လျှောက် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးက တည်ဆောက်နေမှုအခြေအနေများ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းလမ်း ရေဝင်ရောက်မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မည့် အစီအမံများ၊ မြောင်းပုလဲတံတား တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ်းနားလမ်းသည် တိုင်းမြို့တော်ဖြစ်သည်နှင့်အညီ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်လှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ဆေးလိပ်၊ ကွမ်းယာ ကင်းစင်ပ စာသင်ကျောင်းကစ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ဆေးလိပ်၊ ကွမ်းယာ ကင်းစင်ပ စာသင်ကျောင်းကစ ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်က အင်းစိန် အမက(၁) ဗဟိုကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဆေးလိပ်၊ ကွမ်းယာ ကင်းစင်ပ စာသင်ကျောင်းကစ ခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူ ၁၁ ဦးတို့က ကျောင်းအုပ်ဆရာမကြီးထံမှ မဲနှိုက်၍ မိမိတို့ကြိုက်နှစ်သက်ရာ ဆေးလိပ်၊ ကွမ်းယာ ဆိုးကျိုးအန္တရာယ်တားဆီးကာကွယ်တိုက်ဖျက်ရေး ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကာ ကျောင်းစာကြည့်တိုက်အတွက် ဗဟုသုတရဖွယ် သုတ၊ ရသ၊ စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ **ဥဒေါ်လင်း**



## ပေါင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ပေါင် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၄ ရက်က ဖြူဘကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ဧည့်မထကောင်း (ပြည်တော်ရင်) စပါးမျိုးကွဲကို ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုအထွက် ၈၄ ဒသမ ၇၅ တင်းနှုန်းနှင့် အခြောက်အထွက် ၇၇ ဒသမ ၁၂ တင်းနှုန်း ထွက်ရှိသည်။ ဆက်လက်၍ တာဝန်ရှိသူများက ဒုတိယ သီးနှံသီးထပ်နွေစပါးစိုက်ပျိုးရန် ထွန်စက်များဖြင့် မြေယာပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

## သာစည်မြို့နယ် အထက ယင်းမာပင်၌ လူငယ်စကားဝိုင်းကျင်းပ

**သာစည် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၃ ရက်က ယင်းမာပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မြတ်မြင့်မိုရ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေးခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ဆက်လက်ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များနှင့်ပတ်သက်၍ မိမိတို့အတွေးအမြင်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ် ပသီကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ နိုဝင်ဘာ ၁၄ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပသီကျေးရွာ၌ အရှည် ပေ ၄၃၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ အောက်တိုဘာစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**





မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို သနွေမီးသတ် တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၂ ရက်က ဘောဂဗလပလတ်စတစ်စက်ရုံ (သပြေရိုး)၌ ကျင်းပပြီး စက်ရုံဝန်ထမ်းများအား အရေးပေါ် မီးငြိမ်းသတ်နိုင်ရေး လေ့ကျင့်ပေးခဲ့သည်ကို တွေ့ရစဉ်။ မောင်ကျော်ကြီး

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောစိုးစိုးမြင့် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်စဉ်။ ကျိုက်ထို(ပြန်/ဆက်)



**သစ်ပင်နည်းလာ တို့ကမ္ဘာ၊**
**လွန်စွာပူအေး ဥတုဘေး**


❐ *ကျော့ဖုံးမှ*

စုစုပေါင်း ခြောက်ကြိမ် မီးပုံးပျံ အလုံးရေ ၃၀၀ ကို လည်းကောင်း လွှတ်တင်ပူဇော်ခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့ကြသည်။

**ပါဝင်ဆင်နွှဲ**

အဆိုပါ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့မှ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ရှမ်းရိုးရာအကတို့ဖြင့်လည်းကောင်း၊ မုံရွာမြို့ပေါ်ရှိ အနုပညာရှင်များက ဦးရွှေရိုးအက၊ တစ်ပင်တိုင် အက၊ ပဒေသာအကတို့ဖြင့်လည်းကောင်း၊ မုံရွာမြို့ မိုးဇော်ဆင်အကအဖွဲ့မှ ဆင်အကတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရပြီး အခမ်းအနားသို့ ဧည့်ပရိသတ် စုစုပေါင်း ၅၀၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❖ *ကျော့ဖုံးမှ*

သင်္ကန်းဆက်ကပ်လှူဒါန်း ပူဇော်ပွဲများသို့ သွားရောက်ကြည်ညို ပူဇော်ကြသည့် ခရီးသွားမော်တော်ယာဉ်များမှာ အဆမတန်များပြားလျက်ရှိပြီး ယင်းမော်တော်ယာဉ်များအတွက် လိုအပ်သော စက်သုံးဆီများကို စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီ၏ ကြိုတင်စီမံ၍ ဖြည့်တင်းထားမှုကြောင့် အများပြည်သူအနေဖြင့် စက်သုံးဆီများကို လိုအပ်သည့်နေရာတွင် လိုအပ်သလောက် အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိပြီး စက်သုံးဆီ ဈေးနှုန်းအနေဖြင့်လည်း ယခင်ရက်များထက် တစ်လီတာလျှင် ၁၀ ကျပ်မှ ၃၅ ကျပ်အထိ ကျဆင်းပြီး ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၃)ကြိမ်မြောက် နိုင်ငံတကာအလှမယ်ပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် ယနေ့နောက်ဆုံးပွဲ ဝင်ရောက်ယှဉ်ပြိုင်ရမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မက္ကဆီကိုနိုင်ငံ၌ ကျင်းပနေသည့် Miss Universe 2024 ပြိုင်ပွဲ Project Voice for Change Project နိုင်ငံတကာအလှမယ် ၁၀ ဦးစာရင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် အမှတ်စဉ်(၆)တွင်ရပ်တည်နေကြောင်း Miss Universe Myanmar မှ သိရသည်။ Miss Universe 2024 ပြိုင်ပွဲ၏ လူငယ်များ၏ ပညာရေးနှင့်ဖွံ့ဖြိုးရေးအတွက် အကျိုးပြု Project Voice for Change Project စာရင်းတွင် နိုင်ငံတကာ အလှမယ် ၁၀ ဦး စာရင်း၌ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Miss Universe Myanmar 2024 သက်စံအန်ဒါဆန်



အမှတ်စဉ် (၆) တွင် ရပ်တည်နေကြောင်း သိရသည်။

Miss Universe Myarmar 2024 ပြိုင်ပွဲ၏ Second Hot Picks reject အလှမယ် ၃၀ စာရင်းတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် Miss Universe Myarmar 24 သက်စံအန်ဒါဆန်က နံပတ် ၂၀ ၌ ရပ်တည်နေကြောင်း သိရသည်။

ထို့ပြင် Miss Universe Myarmar 2024 ပြိုင်ပွဲ၏ Voice for Change Project နိုင်ငံတကာအလှမယ် ဦးရေ ၂၀ စာရင်းတွင်လည်း မြန်မာနိုင်ငံတကာ ကိုယ်စားပြု အလှမယ်သက်စံအန်ဒါဆန်သည် အမှတ်စဉ် ၁၆ ၌ ရပ်တည်နေကြောင်း သိရသည်။ နိုဝင်ဘာ ၁၆ ရက်တွင် နောက်ဆုံးပွဲအဖြစ် ကျင်းပမည့် (၇၃) ကြိမ်မြောက် Miss Universe 2024 ပြိုင်ပွဲတွင် နိုင်ငံတကာ အလှမယ်များနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# ကျောင်းကုန်းမြို့၌ မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဧရာဝတီတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ ဆပ်ကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီတို့ ပူးပေါင်းစီစဉ်သော မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ် ပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ ရက်က ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

**ကြားပွဲများထိုးသတ်**

မြန်မာ့ရိုးရာ လက်ဝှေ့ မျိုးဆက်သစ် ကြားပွဲများအဖြစ် မင်းရဲကြယ်စင် (ရာဇာဓိရာဇ်) နှင့် စောဒါပိုး (ရှောက်ပိုင်းသား)၊ စည်သူကျော် (ရာဇသိင်္ဂ) နှင့် ရွှေဒါး (ရှောက်ပိုင်းသား)၊ အောင်ကြီး (528 ရွှေကျင်မြေ) နှင့် ကြယ်စင်ဟိန်း (RAY)၊ ပြည့်ကြီး (နိုင်းလက်ဝှေ့) နှင့် အောင်သိုက် (အဖြူရောင်သွေးသစ်)၊ ပြည့်ထူး(အဖြူရောင်သွေးသစ်)နှင့် ကောင်းကြီး (နိုင်းလက်ဝှေ့)၊ စိုးလေး (528 ရွှေကျင်မြေ)နှင့် မျိုးကြီး(နဂါးမာန်)၊ အောင်မျိုးကျော် (ရာဇသိင်္ဂ)နှင့် ခန့်စည်သူ (RAY)၊ မြတ်မင်းမောင် (ရာဇသိင်္ဂ)နှင့် ရန်နိုင်လင်း(ကျိုက်လတ်)၊ ဗစ်ကာ (Warrior) နှင့် လင်းထိုက် (အဖြူရောင်သွေးသစ်)တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး (၃) မိနစ် (၃) ချီ ကြားပွဲများအဖြစ် ယက္ခမင်း (ရှောနဂါး)နှင့် ရာမ (Warrior)၊ ဖြိုးကိုကို (နိုင်းလက်ဝှေ့)နှင့် တိုက်မောင်း (အဖြူရောင်သွေးသစ်) တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

**ယှဉ်ပြိုင်ထိုးသတ်**

ဆက်လက်၍ (၃) မိနစ်(၃)ချီ ပွဲစဉ်များအဖြစ် မင်းခန့်အောင် (ကျိုက်လတ်)နှင့် ဒေါ်လာ (RAY)၊ ထန်မင်းလာက်(RAY)နှင့် လမင်းပြည့်စုံ(360 Sport)၊ စောကဲမိုက် (ရွှေမအူပင်)နှင့် အောင်ဖြိုးပိုင် (RAY )၊ စောပိုင်(နဂါးမာန်)နှင့် ရှားလားလား (Bago Fight)၊ စောထဲနီစေး (Bago Fight)နှင့် ဖိုးသား(RAY) တို့လည်းကောင်း၊ (၄) မိနစ် (၄) ချီ ပွဲစဉ်အဖြစ် လပြည့်လင်း (528 ရွှေကျင်မြေ) နှင့် အောင်ကောင်းကျော် (RAY)၊ စောမောင်ဇော်(ဟံသာဝတီသား) နှင့် စောငမောက် (ဒို့ရိုးရာ)၊ အောင်ကိုလတ် (RAY) နှင့် အာဖရိက(360 Sport)တို့ ဝိတ်တန်းတူကြားပွဲများ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

**ဆုများချီးမြှင့်ပေးအပ်**

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးသစ္စာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လက်ဝှေ့ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင် နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ၅စ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ လူငယ်စကားဝိုင်းများ ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၁၃ ရက်မှစ၍ ချောင်းရင်းနှင့် ပြွန်တန်ဆာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများ၌ လူငယ်စကားဝိုင်းများ ကျင်းပသည်။




အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ Grade(11) နှင့် Grade(12) ကျောင်းသား ကျောင်းသူ ၁၁ ဦးက စာပေ၊ အသိဉာဏ်ပညာ၊ ယဉ်ကျေးမှုနှင့် လူမှုကွန်ရက်အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို ခေါင်းစဉ်အလိုက် မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

နီနီဝင်း(ပြန်/ဆက်)

## သာစည်မြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးသူအတွက် အကျိုးခံစားခွင့်ထုတ်ပေး

သာစည် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား တိုင်းအမှတ်(၄) ကလောဘူတာမှ အာမခံအလုပ်သမား အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အမှတ်(၂)ရပ်ကွက် သာစည် စက်ခေါင်းရုံရှိ ဓမ္မရက္ခိတ ဓမ္မာရုံတွင် ကျင်းပရာ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိက ကလောဘူတာမှ အာမခံအလုပ်သမား ဦးနိုင်ဝင်း၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၇၂ သိန်းကို သေဆုံးသူ၏ ဖခင်ဦးဝင်းငွေထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

## သန်လျင်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေးစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်လင်းသန်းသည် နိုဝင်ဘာ ၁၃ ရက်က တာဝန်ရှိသူများလိုက်ပါ၍ သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာတွင် တင်ဒါအောင်ကုမ္ပဏီမှ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရေတွင်း၊ ရေကန်ဂါလန် ၅၀၀၀ ဆံ့လုပ်ငန်း၊ ဌာနမှ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လမ်းမြေ+ဂဝံ(၂/၂. ၃၉ မိုင် ၁၂၉) လုပ်ငန်း၊ ဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ပေါက်တောကျေးရွာ ရေတွင်း၊ ရေစင်ဂါလန် ၅၀၀၀ လုပ်ငန်း၊ ကရင်ဆိပ်ကျေးရွာ ကုန်ထုတ်ဂဝံလမ်း (၄/၀.၁၆ မိုင် ၁၂၉) လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာကုမ္ပဏီနှင့် ဌာနတာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကော်မတီများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



သန်းဝင်း(သန်လျင်)



ပန်းတနော်မြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသော သက်ကြီးရွယ်အို (၁၁၀၀)ဦးအတွက် ဝွမ်းကပ်ခြုံစောင်များ ပေးအပ်လှူဒါန်း

မိဘများဖြစ်သော(ဦးရွှေဒင်္ဂါး+ဒေါ်ကျင်တီ)တို့အားရည်စူး၍ ဦးအောင်ထွန်း+ဒေါက်တာဒေါ်စန်းစန်းရီ (သား)ကိုကျော်ဇောသန့်( **အောင်သပြေ** – ဖယောင်း ပုဆိုးကော်ဇော ရောင်းဝယ်ရေးကုမ္ပဏီ)မိသားစုတို့က ပန်းတနော်မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုချို့တဲ့နွမ်းပါးသူ(၁၀၀၀)ဦးအား ရာသက်ပန်လစဉ်(၁၀၀၀၀ိ/)လှူဒါန်းမှုများအပြင် ယခုဆောင်းရာသီအမီသက်ကြီးရွယ်အို ချို့တဲ့နွမ်းပါးသူ အဘိုးအဘွား(၁၁၀၀)ဦးအတွက် သိန်း(၃၀၀)ကျော်တန်ဘိုးရှိ ၂ထပ်ဝွမ်းကပ်ခြုံစောင်အထည်(၁၁၀၀)ကို (၁)ဦး(၁)ထည်စီနှုန်းဖြင့် လှူဒါန်းပွဲအခမ်းအနားကိုပန်းတနော်မြို့ **အောင်သပြေ** ဘိုးဘွားရိပ်သာဓမ္မာရုံခန်းမတွင်(၁၄–၁၁–၂၀၂၄)နေ့ နံနက်(၉)နာရီပေးအပ်လှူဒါန်းခဲ့သည်။

ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ အလှူရှင်များကိုယ်စား **အောင်သပြေ** – ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းခဲ့သည်။မြို့နယ်အတွင်း ကျေးရွာအသီးသီးရှိ သက်ကြီးဘိုးဘွားများထံသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှတဆင့် ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့အသီးသီးမှ တန်ဆောင်မုန်းလပြည့်နေ့အမီပေးအပ်လှူဒါန်းခဲ့ပါသည်။ **အောင်သပြေ** – ပညာသင်ထောက်ပံ့ကြေးဖောင်ဒေးရှင်းမှ (၂၀၁၆ခုနှစ်မှ၂၀၂၄ခုနှစ်ပညာသင်နှစ်အထိ) မြို့နယ်အတွင်းရှိ ဆင်းရဲချို့တဲ့သည့် ကျောင်းသား/ကျောင်းသူ(၂၃၉)ဦးအား ပညာသင် ထောက်ပံ့ကြေး တစ်နှစ်ကျပ်(၃၀၀)သိန်းခန့်ဖြင့် (၈)နှစ်ထောက်ပံ့လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

**အောင်သပြေ** ကုမ္ပဏီ


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် 51W/79355,SURKA–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာ ၁၄/မမန(နိုင်) ၂၅၉၇၅၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

### စေ့စပ်ကြောင်းလမ်းခြင်းဖျက်သိမ်းကြောင်းကြော်ငြာခြင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၈)၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်း ၊ ရွှေပြည်စိုးဆီစက်အနီးနေ အရောင်းအဝယ်လုပ်ကိုင်သူ(ဘ)ဦးယဉ်ထွေး၏သမီး မခိုင်ယဉ်သင်း ၉/မထလ(နိုင်)၃၆၂၆၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ မခိုင်ယဉ်သင်း(ဘ)ဦးယဉ်ထွေးနှင့် မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၅)၊ မြမာလာလမ်း၊ အမှတ်(ရ.န.အ/၄၀၆)နေ(ဘ)ဦးဌေးလွင်၏သားဖြစ်သူ မောင်ပြည့်ဖြိုးထွန်း ၉/မထလ(နိုင်)၃၄၈၂၆၇ တို့သည် လူကြီးစုံရာဖြင့် (၃၀–၁၀–၂၀၂၂)ရက်တွင် စေ့စပ်ကြောင်းလမ်းစကားဆိုခဲ့ကြပြီး (၁၈–၅–၂၀၂၃) ၁၃၈၅ ခုနှစ်၊ ကဆုန်လကွယ်နေ့တွင် ထိမ်းမြားလက်ထပ်မင်္ဂလာဆောင်အခမ်းအနားဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူခဲ့ကြသော်လည်း ယနေ့တိုင်အောင် တစ်စုံတစ်ရာဆက်သွယ်ဆောင်ရွက်ခြင်း အလျဉ်းမရှိခဲ့ပါ၍ ကျွန်ုပ်မိတ်ဆွေ မခိုင်ယဉ်သင်းအနေဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်း ကြော်ငြာအပ်ပါသည်။

မခိုင်ယဉ်သင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်မြင့်ရွှေ BA(Hist)H.G.P
အထက်တန်းရှေ့နေ(စဉ်–၁၂၅၆၀(၇–၂–၁၉၈၆)
အမှတ်(၄/၂၂၁)၊ ရန်အောင်မြင်လမ်း၊
မြို့သစ်(၁)ရပ်၊ အောင်ဆန်းနယ်မြေ၊ မိတ္ထီလာမြို့
ဖုန်း– ၀၉– ၂၅၆၅၁၈၅၆၂

### သွေးသည်အသက်


## သာယာဝတီမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မိုးစပါးများရိတ်သိမ်း

သာယာဝတီ နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မကျီးကွင်းကျေးရွာ၌ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်သမဝါယမ အသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ရယူဆောင်ရွက်သည့် မာလာဖူး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းမှ အသင်းသား ဦးစိန်ဝင်း၏ လယ်ကေများတွင် စိုက်ပျိုးခဲ့သည့် ဗီယက်နမ် (ဆာဖိုးသာ) မိုးစပါးများ ရိတ်သိမ်းခဲ့သည်။



သာယာဝတီမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်းလေးသင်းရှိပြီး လယ်ဧက ၂၀၀၀ တွင် ဆောင်ရွက်သည့် မကျီးကွင်းကျေးရွာ မာလာဖူး စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ဦးစိန်ဝင်း၏ လယ်ငါးဧကကို စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါး ၁၀၁ တင်း ထွက်ရှိကာ စုစုပေါင်း ငါးဧကအတွက် ၅၀၅ တင်း ထွက်ရှိသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တံတားဦးမြို့နယ်၌ သဘာဝဘေးကြောင့် ကျေးလက်လမ်းပျက်စီးမှု ပြန်လည်ပြုပြင်မည်

တံတားဦး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့်မိုးသည်းထန်စွာရွာသွန်းပြီး ပျက်စီးခဲ့သည့်သားများဘကျေးရွာအဝင်လမ်းနှင့် ဘူးရောက် – မြင်စိုင်းလမ်းပေါ်မှ ရေကျော်တို့ကို ပြုပြင်ရန်အတွက် ကျေးရွာတင်ပြချက်၊ မြေပြင်လိုအပ်ချက်များအရ နိုဝင်ဘာ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန်းစန်းဝါနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် သားများဘကျေးရွာ အဝင်လမ်း လမ်းအရှည် (၁/၂) မိုင်အတွင်း ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်းပိုင်းများ လမ်းကြောင်းပြတ်တောက်မှု မရှိစေရန်နှင့် လတ်တလော သွားလာရေး လွယ်ကူစေရန် ဌာနနှင့် ကျေးရွာ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်ထားမှုနှင့် ထပ်မံပြုပြင်ရန်လိုအပ်သည့် လမ်းပိုင်းနှင့် ရေကျော်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁၁) ရွှေညောင်ပင်ကျောင်း၊ Grade-11 (Bio) တန်းမှ မကြည်လဲ့လဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးရွှေဒါး ၁/မကန (နိုင်)၀၄၃၀၀၄ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူ ရပ်ကွက်၊ နယ်မြေ (၁၄) နေ မကြည်လဲ့လဲ့ဦး ၁/မကန(နိုင်) ၂၆၈၉၀၈ ၏ ဖခင် ဦးခင်မောင်ရွှေ (ခ) ဦးရွှေဒါး ၁/မကန(နိုင်) ၀၄၃၀၀၄ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဇော်ယော်၏သား မြစ်ကြီးနားမြို့၊ အထက(၉)၊ ဒသမတန်းအောင် မှ မောင်ကေခါဘောမ် (ခ)မောင်ခါဘောမ် ၁/မကန (နိုင်)၂၇၅၄၅၈ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၂)၊ Grade-11($A_2$) မှ မောင်နော်လောန် ၏ မိဘအမည်မှန်မှာ ဦးဂွမ်ဂျာ ၁/မကန (နိုင်) ၀၅၄၄၉၈ နှင့် ဒေါ်ဂျာခမ်လု ၁/မကန(နိုင်)၀၈၆၈၀၅ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးစိုင်းသိန်းလွင်၏ သမီး မြစ်ကြီးနားမြို့၊ အထက(၉)၊ Grade-5(C) မှ မနန်းစံသီလွင်အား မနန်းစန္ဒီလွင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၅)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၁/ဈေးအနောက်ပိုင်းရပ်)၊ ဦးပိုင်အမှတ်(၈)၊ မြေကွက်အမှတ်(11)၊ မြေရိယာ ၀ ဒသမ ၀၆၃ဧကရှိ မြေအား ဦးမောင်မောင်ကျော် ၁၃/ကလန(နိုင်)၀၀၆၉၀၇ အမည်ဖြင့် ၃၀-၃-၁၉၈၉မှ ၂၉-၃-၂၀၇၉ ရက်ထိ နှစ်(၉၀) သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ပိုင်ရှင် ဦးမောင်မောင်ကျော်သည် ၁၆-၉-၂၀၂၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး သမီးဖြစ်သူ ဒေါ်မေနှင်းကျော်က သမီးအရင်းဖြစ်သည်မှာ မှန်ကန်ကြောင်းကို ၂၉-၅-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၁/၂၀၂၄) အရ ကျမ်းကျိန်ဆို၍ ၃-၇-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၈/၂၀၂၄)အရ အမွေဆက်ခံကြောင်း ကြေညာစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ဒေါ်မေနှင်းကျော်က ဒေါ်လှမြတ်မိုထံသို့ ၃-၇-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၈၄/၂၀၂၄)အရ အပြီးအပိုင် ရောင်းချပေး ခဲ့ပါသည်။ ယခုအခါ ဒေါ်လှမြတ်မို ၁၃/ကလန(နိုင်)၁၁၉၇၃၇ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၆၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ်(၁၀)၊ မြေရိယာ ၀ ဒသမ ၁၄၃ ဧကရှိ မြေကွက်သည် မူလက ဦးဒန်းဗဟာဒူး အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးဒန်းဗဟာဒူးမှာ ၁၉-၁၂-၂၀၁၂ ရက်တွင်လည်းကောင်း၊ သားသမီး(၇)ဦးအနက် သမီး/အစ်မ/ညီမဖြစ်သူ ဒေါ်အမ်ရီတား(ခ)မွှန်နားမှာ ၁၈-၁၀-၂၀၁၆ ရက်တွင် အိမ်ထောင်မရှိ အပျိုဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ဦးဒန်းဗဟာဒူး (ကွယ်လွန်)၏ ဇနီး ဒေါ်ရတ်မနီးမှ ၎င်း၏ကျန်ရစ်သူ သား/သမီးများဖြစ်ကြသည့် ဦးဘီဂျေး၊ ဦးစောထွန်းမြင့်၊ ဒေါ်ပွတ်စ်ပါး၊ ဒေါ်ဆာဗီသရီး၊ ဦးကေဘီရတ်ချ်၊ ဒေါ်ဆန်ဂီသားတို့(၆)ဦးအပါ ဒေါ်ရတ်မနီး ပါ(၇)ဦးမှ ၂၄-၃-၂၀၂၂ ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၆၇/၂၀၂၂) အရ အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ကြပြီး ယခုအခါ ဒေါ်ရတ်မနီး ၁/မကန(နိုင်)၀၂၃၅၄၈၊ ဦးဘီဂျေး ၁/မကန(နိုင်)၀၂၃၅၄၉၊ ဦးစောထွန်းမြင့် ၁/မကန(နိုင်)၀၃၀၁၂၉၊ ဒေါ်ပွတ်စ်ပါး ၁/မကန(နိုင်)၀၉၄၆၂၃၊ ဒေါ်ဆာဗီသရီး ၁/မကန(နိုင်)၀၂၃၅၅၀၊ ဦးကေဘီရတ်ချ် ၁/မကန(နိုင်)၀၉၁၀၉၄၊ ဒေါ်ဆန်ဂီသား ၁/မကန(နိုင်)၁၀၅၅၀၇တို့(၇)ဦးအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ် ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တောင်ကြီးခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးအမှတ်-၄၆ နှင့် ဆက်သွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၀**

ဒေါ်နော်အေးမူသွယ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လွင်လွင်ဇော်) **(တရားနိုင်)** နှင့် ဒေါ်နန်းမေသူအောင် **(တရားရှုံး)**

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၉၀/၁၂)နေ ဒေါ်နန်းမေသူအောင် (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

တရားမကြီးမှုအမှတ်-၄၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဘော်ဆာမီး ၁/မကန (နိုင်)၁၉၄၀၇၉ ၏ ပတ်စ်ပို့နံပါတ် (MF-335210)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၅၃၆၀၁၅**

## အမည်မှန်

တောင်ငူမြို့၊ အထက(၇) Grade-10(A)တွင် ပညာသင်ကြားနေသော (ဘ)ဦးသက်ဝေ ၇/ကကန(နိုင်)၀၃၂၈၂၆ ၏သားဖြစ်သူ မောင်ကြည်သာလမင်းချို ၏ အမည်မှန်မှာ မောင်ကြည်သာ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ဒူကထောင် ရပ်ကွက်၊ နယ်မြေ(၆)၊ အမှတ် (၁၇၆) နေ ဦးလဘူမုန်ရန်(ခ) ဦးမုန်ရန် ၁/မကန(နိုင်)၁၂၈၃၄၄ သည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ ဖခင် ဦးလတောင်(ခ) ဦးလဘူလတောင် ၁/မကန(နိုင်) ၀၂၄၁၇၂ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁၁) ရွှေညောင်ပင်ကျောင်း Grade-(11)မှ မောင်ဖြိုးဝေငြိမ်း နှင့် Grade-(9)မှ မောင်ထက်ဝေယံ တို့၏ မိဘအမည်မှန်မှာ ဦးဝင်း ၅/မမန(နိုင်)၀၁၀၅၃၉ နှင့် ဒေါ်ခင်မိုးဆွေ ၉/တသန(နိုင်) ၂၀၇၆၈၄ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၂**

ဒေါ်စီစီအောင် **(တရားလို)** နှင့် ဦးလှန္တဲ့ **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ နဝရတ်(၄)လမ်း၊ အမှတ်(၇၇၁)နေ ဦးလှန္တဲ့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်) မွန်း မတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် E၊ ဦးပိုင်အမှတ်(၃၆)၊ ၅၆x၅၇လမ်းကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ ဦးကျော်ရှိန်အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်(၂၀၅/၂၀၂၃)တွင် ၁၇-၁-၂၀၂၄ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးကျော်ရှိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၅၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စောထွေး ၉/မနမ(နိုင်)၀၆၉၇၀၀၊ ဒေါ်အေးအေးသန်း ၅/အတန(နိုင်)၀၄၇၃၇၃တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၇၂၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မ-၁၂၊ ဦးပိုင်အမှတ်(၇.က)၊ ၅၅x၅၆လမ်းကြား၊ ပိတောက်လမ်းရှိ ဦးရီစွတ်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးရီစွတ်၊ မိခင် ဒေါ်ဟာသီမာတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၁၆၆၈/ ၂၀၂၄) အမွေဆက်ခံခဲ့ကြသော သားများဖြစ်ကြသည့် ဦးဂျွန်မား (ခ) ဦးသန်းတင် ၉/မနတ (နိုင်)၀၃၁၃၅၀၊ ဦးဝင်းမောင် ၉/မနတ(နိုင်)၀၃၁၁၇၆တို့၏ (GPရရှိသူ ဒေါ်ကွေ့ဖန် (ခ) ဒေါ်ယဉ်ယဉ်ဆွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၇၃၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၉)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၈/မျက်ရဲအင်းအနောက်)၊ ဦးပိုင်အမှတ် (၁၆၈/ခ)၊ မြေကွက်အမှတ် (141/115)၊ မြေရိယာ ၀ ဒသမ ၄၁၀ ဧကရှိ မြေအား ဦးမြင့်ခိုင် ၁၂/အစန (နိုင်)၁၁၈၈၆၂၊ ဦးချမ်းမင်းဦး ၁၂/လမတ(နိုင်)၀၃၀၇၉၇ အမည်ဖြင့် ၁-၃-၂၀၂၂ မှ ၂၈- ၂-၂၀၅၂ ရက်ထိ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ခိုင် ၁၂/အစန(နိုင်)၁၁၈၈၆၂၊ ဦးချမ်းမင်းဦး ၁၂/လမတ(နိုင်)၀၃၀၇၉၇က ၁၈-၃-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၉၇/၂၀၂၄)အရ ဦးရှင်းသန့်ဝေ ၉/ပမန(နိုင်)၂၁၇၉၁၆ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရှင်းသန့်ဝေ ၉/ပမန(နိုင်)၂၁၇၉၁၆ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း အမှတ်(၁၅/၁-၂)၊ ဦးပိုင်အမှတ် (၃၃)၊ မြေရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက် သည် မူလက ဦးအောင်မြင့် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀) မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးအောင်မြင့်က ၂၅-၉-၂၀၂၄ ရက်စွဲပါစာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၄၅၃/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးရဲဇင်ကို ၇/ပခန(နိုင်)၃၀၁၀၂၇ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရဲဇင်ကို အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

သင့်အပေါ်၌တရားလိုများက မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်း မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စား ရုံးတော်အခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက် များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို များက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

ဒေါ်သန်းအိ **နှင့်** ဦးမြင့်ဝေ
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ စပ်စံထွန်းလမ်းအမှတ် (၃/၇၉၆)နေ ဦးမြင့်ဝေ(ယခုနေရပ်လိပ်စာမသိ) သိစေ ရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့် အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များ ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၂၇ ရက်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ(၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(ဥာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၇

ဒေါ်လဲ့လဲ့ရွှေ **နှင့်** ဦးကျော်စိုး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ (၈) လမ်း၊ အမှတ်(၃၉၃/ခ)နေ ဦးကျော်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လဲ့လဲ့ရွှေက ပဋိညာဉ်အတိုင်းအရောင်း အဝယ် ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက်၊ ပေ ၅၀ လမ်း၊ တိုက်အမှတ် ၄၇၊ ၂ ခန်းတွဲ ၇ ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ၊ အကျယ်(၁၂'.၅" x ၅၀')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟ ဝန်ခံကတိပြုသူ ဦးအားဆန် (၁၃/မဆတ(နိုင်)၀၃၂၆၄၄) ၎င်း၏ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သီရိလွင် (၁၂/သကတ(နိုင်)၁၅၂၆၁၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေး (၁၀/မလမ(နိုင်)၁၈၀၂၆၉) သည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို တိုက်ခန်းအရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့် (LL.B) (C.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် ၄၀၆-D၊ ဦးပိုင်အမှတ် ၁-စ/ကန်ပတ်လမ်းနှင့် ကမ်းနား လမ်းကြား၊ သံဃာ့ဆေးရုံအနောက်မြောက်ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးနေရွှေသွေးအောင်က ဂရန်မူရင်းမှာ ပျောက်ဆုံးသွား ပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် ဆ-၉၊ ဦးပိုင်အမှတ်(၂၀/ခဲစင်း)၊ ၇၂x၇၃လမ်းကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဒေါ်ပိုအမည်ပေါက် ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ပိုကွယ်လွန်၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၃၃၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ညိမ်း ၉/မရတ(နိုင်)၀၀၈၇၁၆ ၏ (GP ရရှိသူ ဦးဟန်စိန် (ခ) ဦးငွေအောင်)က အမှုတွဲအမှတ်(၄၇၅၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ် ၅၁၇၊ ဦးပိုင်အမှတ်(B.2+A.4)၊ ၆၂လမ်းနှင့် ပရံတော်ချောင်း၊ မင်္ဂလာလမ်း တောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမောင်မောင်အေး (ခ) ဦးလောပေါင်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၃၁/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်စိန် (ခ) တုံရှင်ကော ၉/မနမ(နိုင်)၀၉၈၂၃၃၏ (GP ရရှိသူ ဒေါ်စီ)က အမှုတွဲအမှတ် (၄၇၃၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Ph.D(IT)ဘွဲ့သင်တန်း၊ M.C.Sc./M.I.Sc, ဘွဲ့သင်တန်း နှင့် B.C.Sc./B.C.Tech. ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ (၁၄-၁၂-၂၀၂၄) ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် (၁၅-၁၂-၂၀၂၄) ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို www.ucsy.edu.mm တွင် download ရယူဖြည့်သွင်း၍ ဘွဲ့နှင်းသဘင်လျှောက်လွှာတွင် ဖော်ပြပါရှိသည့် ပူးတွဲပေးပို့ရမည့် စာရွက်စာတမ်းများနှင့် (၃)လ အတွင်း ရိုက်ကူးထားသော ၂" x ၁ ½" အရွယ် ဓာတ်ပုံ(၃)ပုံနှင့်အတူ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက် နောက်ဆုံးထား၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ လာရောက်လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့- ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် ပေးသွင်းရပါမည်။

၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူများကို ပူးတွဲတင်ပြ လျှောက်ထားရပါမည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် စာတိုက် ငွေပို့လွှာ (Postal money order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟု ဖော်ပြပြီး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့် လ၊ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၄၄၃၄၄၀၄၇၈၊ ၀၉-၄၄၃၄၄၀၄၇၉ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနကြီးမှူး (သင်တန်း)**
**စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

## အမည်မှန်

ဦးရာဇာအောင်၏ သမီးဖြစ်သူ အုတ်ဖိုမြို့နယ်၊ အထက(ခွဲ) လသာကုန်း၊ Grade-10 မှ မမေဦးခင်၏ အမည်မှန်မှာ မမေဦးခိုင် ၇/အဖန(နိုင်)၁၄၉၈၅၇ ဖြစ်ပါကြောင်း။

**မမေဦးခိုင်**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ မူလွန်၊ ဝဲဒေါင့် (ဖြူး) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်း၏ မွေး သက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၇၃ ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းဝင်း**
**၉/ဝတန(နိုင်)၁၂၂၀၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၁)၊ စဉ့်အိုးဘို အကွက်၊ ဦးပိုင်အမှတ်(၃၁/ဖ)၊ ဧရိယာ ၀ ဒသမ ၀၁၅ ဧကရှိ ဦးမြဝင်း အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄) ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၄၁)နေ ဦးဇင်သူဇော်မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သား ပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/2355၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/3054၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/72458၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

**ဒေါက်တာ ဝင်းသီတာလွင်**

**မန်နေးဂျင်းဒါရိုက်တာ(သဘာဝရတနာအလင်းရောင် ကုမ္ပဏီလီမိတက်)၊**

**မန်နေးဂျင်းဒါရိုက်တာ(သိန်းသန်းရတနာကျော် ကုမ္ပဏီလီမိတက်)၊**

**ဒါရိုက်တာ(ရတနာစု ကုမ္ပဏီလီမိတက်)**

**အသက်(၅၅)နှစ်**

ဒေါက်တာ ဝင်းသီတာလွင်သည် ၁၀-၁၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရတနာစုကုမ္ပဏီလီမိတက် ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

**ဒေါက်တာ ဝင်းသီတာလွင်**

**မန်နေးဂျင်းဒါရိုက်တာ(သဘာဝရတနာအလင်းရောင် ကုမ္ပဏီလီမိတက်)၊**

**မန်နေးဂျင်းဒါရိုက်တာ(သိန်းသန်းရတနာကျော် ကုမ္ပဏီလီမိတက်)၊**

**ဒါရိုက်တာ(ရတနာစု ကုမ္ပဏီလီမိတက်)**

**အသက်(၅၅)နှစ်**

ဒေါက်တာ ဝင်းသီတာလွင်သည် ၁၀-၁၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဘာဝရတနာအလင်းရောင်ကုမ္ပဏီလီမိတက် ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

**ဒေါက်တာ ဝင်းသီတာလွင်**

**မန်နေးဂျင်းဒါရိုက်တာ(သဘာဝရတနာအလင်းရောင် ကုမ္ပဏီလီမိတက်)၊**

**မန်နေးဂျင်းဒါရိုက်တာ(သိန်းသန်းရတနာကျော် ကုမ္ပဏီလီမိတက်)၊**

**ဒါရိုက်တာ(ရတနာစု ကုမ္ပဏီလီမိတက်)**

**အသက်(၅၅)နှစ်**

ဒေါက်တာ ဝင်းသီတာလွင်သည် ၁၀-၁၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သိန်းသန်းရတနာကျော်ကုမ္ပဏီလီမိတက်ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

**ဒေါက်တာ ဝင်းသီတာလွင်**

**မန်နေးဂျင်းဒါရိုက်တာ(သဘာဝရတနာအလင်းရောင် ကုမ္ပဏီလီမိတက်)၊**

**မန်နေးဂျင်းဒါရိုက်တာ(သိန်းသန်းရတနာကျော် ကုမ္ပဏီလီမိတက်)၊**

**ဒါရိုက်တာ(ရတနာစု ကုမ္ပဏီလီမိတက်)**

**အသက်(၅၅)နှစ်**

ဒေါက်တာ ဝင်းသီတာလွင်သည် ၁၀-၁၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နဝရတ် ပလတ်စတစ်တံဆိပ်ရိုက်လုပ်ငန်း ဝန်ထမ်းမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၂၊ ဦးပိုင်အမှတ်(၇၃)၊၁၂၇လမ်း၊ ၆၀(င)လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစက်အောင်၏(GP ရရှိသူ ဦးအောင်ဝေဖြိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၅၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းသန်းဝင်း ၉/အမဇ(နိုင်)၀၀၇၆၅၂က အမှုတွဲအမှတ်(၅၁၃၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/23685, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည်မြင့် ၁၄/ဘကလ(နိုင်)၀၀၄၇၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/52215, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်လင်းအောင် ၁၄/ဒဒရ(နိုင်)၁၃၇၁၀၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးတောင်ရွာ၊ ကွင်းအမှတ် (၆၇၅)၊ ဦးပိုင်အမှတ် (၁၂၅)မှ ခွဲစိတ်၍ အရှေ့လားသော်-အိမ်အမှတ် (၁၈၇၈)၊ အနောက်လားသော် အိမ်အမှတ် (၁၈၈၀)၊ တောင်လားသော်-လမ်း/ငါးကန်၊ မြောက်လားသော် - ရွာဘုံမြေ အလားလေးရပ်အတွင်းရှိ မြေဧရိယာ (၃၀ x ၄၀)ပေ မြေနှင့်ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော တစ်ထပ်တိုက် အိမ်အမှတ်(၁၈၇၉) နေအိမ်၊ ရေ၊ လျှပ်စစ်မီတာအစုံအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်ပါသည်ဟု အဆိုပြုသူ ဦးဝေဇံလင်း (၉/ပဥလ(နိုင်)၀၈၇၃၂၈) နှင့် ဦးသူရလင်းမြင့် (၉/ပဥလ(နိုင်)၀၈၇၃၂၉)တို့မှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိုးမိုးအောင် (၉/ပဥလ(နိုင်)၀၈၈၉၅၁) ထံသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အပြီးအပိုင် လက်ရောက်တရားဝင် လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ရောင်းချခြင်း အထွေထွေ/အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းမင်းလတ် (LL.B)** | **ဦးရဲသော်ထွန်း (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၅၄၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၇၁၅၈)** |
| **ရွာသစ်ကလေး၊ ရပ်ကွက်ကြီး(၇)၊** | **ရွာသစ်ကလေး၊ ရပ်ကွက်ကြီး (၇)၊** |
| **ပြင်ဦးလွင်မြို့၊Ph: 09 769836013၊** | **ပြင်ဦးလွင်မြို့၊ Ph: 09 777679687** |

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ ကွင်းအမှတ် ၉၆၀၊ ကြိုးကြာကွင်း၊ ဦးပိုင် အမှတ်- ၁၂/ ၂၊ မြေမျိုးအစား(H)၊ ဧရိယာ(၀.၂၂)ဧကရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်(၁)လုံးနှင့် ဦးပိုင်အမှတ် - ၁၂/၃၊ မြေအမျိုးအစား(H)၊ ဧရိယာ(၀.၆၁)ဧကရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော ဆီဆိုင်တို့အားလက်ရှိနေထိုင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဦးမျိုးအေးထံမှ ဒေါ်ခင်လေးမြင့်သည် အပိုင်ဝယ်ယူရန်အတွက် (၁၃-၁၁-၂၀၂၄) ရက်တွင် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်ခြံမြေတို့အား အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း တိကျခိုင်မာသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန့်စင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၉၀)**

**ကျောင်းကြီးအိုးတန်းရပ်၊ ပြည်မြို့၊ ဖုန်း-၀၉-၄၃၀၈၄၇၃၁**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

အောက်ဖော်ပြပါ မော်တော်ယာဉ်(၇)စီး၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ 3P/6355, ၂။ 3P/4733,
၃။4P/1429, ၄။ 7Q/7249,
၅။4P/1430, ၆။ 3P/8332,
၇။ 3P/8336

**ကညန၊ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/98052, Honda C-90, Custon, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၉/အမရ(နိုင်)၀၆၁၀၉၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/6067 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းဦး ၉/ညဥန(နိုင်)၁၉၄၂၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

**ဒေါက်တာ ဝင်းသီတာလွင်**

**မန်နေးဂျင်းဒါရိုက်တာ(သဘာဝရတနာအလင်းရောင် ကုမ္ပဏီလီမိတက်)၊**

**မန်နေးဂျင်းဒါရိုက်တာ(သိန်းသန်းရတနာကျော် ကုမ္ပဏီလီမိတက်)၊**

**ဒါရိုက်တာ(ရတနာစု ကုမ္ပဏီလီမိတက်)**

**အသက်(၅၅)နှစ်**

ဒေါက်တာ ဝင်းသီတာလွင်သည် ၁၀-၁၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၂)နှင့် အမှတ်(၃)ရေနံခဲတင်ငွေ့ရည်စက်ရုံ (ညောင်တုန်း)နှင့် အရောင်းဆိုင်ဝန်ထမ်းမိသားစုများ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး/အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလ အမည်ပေါက်သူ | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက်/ အုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအေးမောင် | ဒေါ်ခင်စန်းဝင်း | ၁၇/ ဗိုလ်တစ်ထောင် | ၁၂၆၊ ၁၂၇ | ၀ဒသမ ၁၁၀ | ရွာဘဲ | ပြောင်း |
| ၂ | ဒေါ်လှလှဝေ | ဦးမြင့်သိန်း | ၁၆C/အဆင့်မြင့် အိမ်ရာ | ၂၂ | ၀ဒသမ ၀၅၅ | ရွာဘဲ | သစ် |
| ၃ | ဦးစည်သူခန့် | ဒေါ်ဆွေဆွေဦး | ၄၀၄A/တိုးချဲ့ စက်မှုဇုန် | ၂၀၃ | ၀ဒသမ ၂၀၃ | နဝဒေး | ပြောင်း |

**ကော်လိတ်တွော်အရာရှိ**

**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀) ရပ်ကွက်၊ ခိုင်ရွှေဝါ(၂)လမ်း၊ မြေကွက်အမှတ် (၁၁၉၈-ခ)၊ အလျားxအနံ (၂၀ ပေ x ၆၀ ပေ) အကျယ်ရှိ ဒေါ်အေးနု အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်သော ဒေါ်နှင်းဝေလှိုင်(ဘ)ဦးဌေးဝင်း (၁၂/သကတ(နိုင်)၁၉၄၄၉၉) နှင့် ဒေါ်လင်းလင်းထက် (ဘ) ဦးတာတာ(၁၂/သကတ(နိုင်)၁၆၅၉၃၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟေမာန်ဦး(ဘ) ဦးမောင်သောင်း(၇/သဝတ(နိုင်)၀၉၆၂၉၆)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းတို့အား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B, D.B.L) (စဉ်- ၁၄၆၆၈)** | **ဒေါ်ခင်သီတာမြင့်အောင် (LLB) (စဉ် - ၅၂၀၆၄)** |
| **ဒေါ်အိအိမော် (ခ) အိသဥ္စာအောင် (LL.B) (စဉ် - ၁၈၇၂၆)** | **အထက်တန်းရှေ့နေ** |

**တရားလွှတ်တော်ရှေ့နေများ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂) ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ဝင်းဝင်းပု

### အသက်(၈၁)နှစ်

တောင်ကြီးမြို့နေ (ဦးညီပု-ဒေါ်ခင်မြ )တို့၏သမီး၊ မြင်းခြံမြို့နေ( ဦးသန်းမောင်-ဒေါ်ပုစိန် ) တို့၏ သမီးချွေးမ၊ ဦးစိုးညွန့်၏ ချစ်လှစွာသောဇနီး၊ ဦးစိုးဝင်းအောင်-ဒေါ်မြတ်မြတ်သူ၊ ဦးသက်နိုင်ဦး-ဒေါ်မီမီစိုးညွန့်၊ ဦးသောင်းစုငြိမ်း-ဒေါ်စုစုစိုးညွန့်၊ ဦးမျိုးကျော်အောင်-ဒေါ်မေဦးခိုင်တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေး(၆)ယောက်တို့၏ အဘွားသည် ၁၅-၁၁-၂၀၂၄ရက် နံနက် (၄:၅၈) နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ(SSC)၌ကွယ်လွန်သွားပါသဖြင့်၁၇-၁၁-၂၀၂၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ (၁) နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်းဝင်းပု

### အသက်(၈၁)နှစ်

တောင်ကြီးမြို့နေ၊ (ဦးညီပု-ဒေါ်ခင်မြ)တို့၏သမီး၊ မြင်းခြံမြို့ နေ (ဦးသန်းမောင်-ဒေါ်ပုစိန်)တို့၏ သမီးချွေးမ၊ ဦးစိုးညွန့်၏ ချစ်လှစွာသော ဇနီး၊ ဦးစောခွန်မြတ်-ဒေါ်မြမြတို့၏ ညီမ၊ ဦးသန့်ဇင်-ဒေါ်တင်တင်ပု၊ ဦးသော်တာပု-ဒေါက်တာ ဒေါ်ခင်သန့်ဇင်၊ ဒေါက်တာစိုးမင်း-ဒေါ်ခင်မာလာပု၊ ဦးကျော်စွာပု-ဒေါ်နွယ်နွယ်ကျော်မြင့်တို့၏ အစ်မ၊ ဦးစိုးဝင်းအောင်-ဒေါ်မြတ်မြတ်သူ၊ ဦးသက်နိုင်ဦး-ဒေါ်မီမီစိုးညွန့်၊ ဦးသောင်းစုငြိမ်း-ဒေါ်စုစုစိုးညွန့်၊ ဦးမျိုးကျော်အောင်-ဒေါ်မေဦးခိုင်တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေး (၆)ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်ဝင်းဝင်းပုသည် (၁၅-၁၁-၂၀၂၄)ရက် (သောကြာနေ့) နံနက်(၄:၅၈)နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ (SSC)၌ ကွယ်လွန်သွားပါသဖြင့် (၁၇-၁၁-၂၀၂၄)ရက် (တနင်္ဂနွေနေ့) မွန်းလွဲ (၁:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၂၁-၁၁-၂၀၂၄)ရက် (ကြာသပတေးနေ့) နံနက် (၇:၀၀) နာရီမှ (၁၀း၀၀)နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ တိုက်(ဘီ)၊ အခန်း(၂၀၂)၊ ပညာဝတီအိမ်ရာ၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်ဝင်း(ခ)ဂိုကွန်ရှု

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ ဧရာဝတီသစ်ခွဥယျာဉ်လမ်း၊ အမှတ်(၂/အေ)နေ [ဦးဂိုဆင်ကန်(ခ) Mr.S.K Goh-ဒေါ်ဂိုစွန်အမ်လွမ်]တို့၏ သား၊ (ဦးစန်းဂိုး-ဒေါ်ရှုဝါ)၊ ဦးထွန်းဝေ-ဒေါ်ရီရင်ဂိုး (တရုတ်၊ တိုင်ပေ)၊ (ဒေါ်ခင်ခင်)၊ (ဦးလှဝင်း)၊ (ဦးဝင်းနိုင်)-ဒေါ်မေမေယဉ်တို့၏ မောင်၊ ဦးမြင့်လွင်-ဒေါက်တာဒေါ်လှလှကြည် (USA)၊ ဦးရှုစိန်-ဒေါ်သိန်းသိန်း(USA)တို့၏ အစ်ကို၊ ကိုကျော်ကျော်ဂိုး-မရှုန်းဟွာ(Japan)၊ (မစန်းဥမ္မာ)၊ ကိုလှမြင့်-မမြမြဝင်း၊ ကိုကန်တုန်- ဒေါက်တာစုယဉ်မွန်မြတ်၊ မသဇင်မင်းခိုင်၊ ကိုစည်သူအောင်တို့၏ ဦးလေး၊ Sean Gohနှင့် မေသရဖီ(ခ) Amara May တို့၏အဘိုး၊ ဒေါ်စုစုရီ၏ခင်ပွန်း ဦးမောင်မောင်ဝင်းသည် ၁၃-၁၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၄၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းကို ညှိုးငယ်စွာအကြောင်းကြားအပ်ပါသည်။ [မြို့ထဲမှလိုက်ပါပို့ဆောင်လိုသူများ စိန်ပေါကျောင်းရှေ့ (ဗိုလ်အောင်ကျော်လမ်း)မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၂၄ (အင်္ဂါ နေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်၍ ကြွရောက်ကြပါရန် ညှိုးငယ်စွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သုဇာတ (ကျောက်မဲဆရာတော်) မဟာထေရ်

### သက်တော် ( ၅၈ ) နှစ်၊ သိက္ခာတော် ( ၃၈ ) ဝါ

မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး ( ၂၁ ) ၊ မိုးကြိုးစံပြကျေးရွာအုပ်စု၊ သိမ်အင်းကျေးရွာ၊ မဟာဝိဂတာရာမ ရွှေကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈) ဝါရှိ ဘဒ္ဒန္တသုဇာတ (ကျောက်မဲဆရာတော်) မဟာထေရ်သည် ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ( ၁၄ ) ရက်၊ ( ၁၄-၁၁-၂၀၂၄ )ရက်၊ (ကြာသပတေးနေ့) နံနက် ( ၉:၁၅ ) နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကောဇာ သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက်၊ ( ၁၈-၁၁-၂၀၂၄) ရက် (တနင်္လာနေ့) မွန်းလွဲ (၁:၀၀) နာရီတွင် ပြင်ဦးလွင် ရှစ်မိုင်သုသာန်သို့ ပင့်ဆောင်ကာအန္တိမအဂ္ဂိစျာပန သာဓုကိစ္စနသဘင် ကျင်းပမည်ဖြစ်ပါ၍ ရေစက်ချအခမ်းအနားသို့ ကြွရောက်ပေးပါရန် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒါယကာ၊ ဒါယိကာမများ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဒေါ်မြင့်မြင့်ဖြူ (မစံပယ်)

### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၂၇/A)နေ (ဦးသိန်းညွန့် - ဒေါ်ရီရီနွယ်)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်ရှုလွမ်)တို့၏သမီး(ချွေးမ)၊ ဦးသက်ထွန်းမောင်၏ ချစ်လှစွာသောဇနီး၊ ကိုမြတ်သူထွဋ်-မနွယ်နီလှိုင်၊ ကိုဝေမင်း-မသဇင်ဦး၊ ကိုမင်းမောင်မောင်(ပေါ်ရ်လေး)၊ ကိုဆက်ပြည့်ဖြိုး မခိုင်ချမ်းပြည့်တို့၏ ဂုဏ္ဍဝင်ကျေးဇူးရှင်မိခင်၊ မြေး(၇)ယောက်တို့၏အဘွား၊ ဒေါ်မြင့်မြင့်ဖြူ (မစံပယ်)သည် ၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၃) ရက်၊ ၁၃-၁၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)၊ ညနေ(၄:၂၈)နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်၊ ၁၇-၁၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) ညနေ (၃:၃၀) နာရီတွင် ရေဝေးသုသာန်”သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်ပြီး အရိုးပြာအိုး ဂူသွင်းမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ (၂:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/81847,HONDA WAVE-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇော်ဦး ၁၄/မမန(နိုင်)၂၃၇၂၃၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/44281 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမိုး ၁၃/ကလတ(နိုင်)၀၂၅၆၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရမည်းသင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်) (၃၅)ရပ်ကွက်၊ ပင်လုံလမ်း၊ မြေကွက်အမှတ် (၁၂၁၃/၁၂၁၄) ဦးအောင်သိန်း (၁၂/ဒဂန(နိုင်)၀၀၃၅၈၃ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် (၄၀x၆၀)ပေအနက် (၂၀x၆၀)ပေ ခြေရင်းခြမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်နှင့် ရေမီး၊ မော်တာ၊ ကွန်ပရက်ဆာအပါ အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်ပြည့်ပြည့်ကိုကို (၁၂/ရကန(နိုင်)၀၇၀၅၅၄)မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြည့်ပြည့်ကိုကို**
**ဖုန်း-၀၉-၄၂၃၇၄၇၈၀၇**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ဗန္ဓုလလမ်းသွယ်၊ ဦးပိုင်မြေကွက်အမှတ်(၄၆၉)၊ မြေဧရိယာ(၄၀x၆၀)ပေရှိမြေကို ဗိုလ်ကြီးတင်မောင်ညွန့်(ကြည်း-၁၅၂၅၀) အမည်ဖြင့် သက်ဆိုင်ရာမှ မြေချပါမစ်ထုတ်ပေးခဲ့ပြီး၊ ဗိုလ်ကြီးတင်မောင်ညွန့် အမည်မှ ဒေါ်ရှုမဝ ၇/ပခန(နိုင်)၀၉၁၁၀၆ အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားမည်ဖြစ်ပါသည်။

အဆိုပါလျှောက်ထားမှုအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ရေးပိုင်ခွင့် အထောက်အထားခိုင်မာပြည့်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မှုမရှိပါက မြေချပါမစ်အမည်ပြောင်း လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း(LLB)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၁၅၆၃/၂၉-၁၁-၂၀၁၆)**
**အမှတ်(၂၄/၁၄၄- ၁၄၆) မြို့ရှောင်(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊**
**ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၂၅၀၂၉၉၉၇၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ ဦးပိုင်မြေကွက်အမှတ်(၈၇၄)၊ မြေဧရိယာ(၀.၀၅၅)ကေရှိမြေသည် ဦးသောင်းရင် ၁၂/ရကန(နိုင်)၀၂၇၄၉၂အမည်ဖြင့် မြေငှားဂရန် ထုတ်ပေးရရှိထားပြီး၊ အဆိုပါမြေငှားဂရန်မှာ နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ပျောက်ဆုံးသွားခဲ့၍ မြေငှားဂရန်မိတ္တူအား ပြန်လည်ထုတ်ပေးပါရန် ခရိုင်အုပ်ချုပ်ရေးမှူး၊ ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသည်။

အဆိုပါလျှောက်ထားမှုအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ရေးပိုင်ခွင့် အထောက်အထား ခိုင်မာပြည့်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မှုမရှိပါက မြေငှားဂရန်မိတ္တူမှန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်း(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၅၆၃/၂၉-၁၁-၂၀၁၆)**
**အမှတ်(၂၄/၁၄၄- ၁၄၆) မြို့ရှောင်(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊**
**ဥဿာမြို့သစ်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၂၅၀၂၉၉၉၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63306, Wanqiang -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသစ်လွင်ထွန်း ၉/ပသက(နိုင်)၀၇၆၉၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် MGY/13029, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၈/ဆပဝ(နိုင်)၀၀၅၆၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 47W/46428, Turbo-Star-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသွင် ၁၄/ဝခမ(နိုင်)၁၃၆၅၉၈ ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ၈၈-၃၊ ဦးပိုင်အမှတ် ၄၄/၆၇x၆၈ ကြား၊ ၁၃၀x၁၃၁ ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သော အစ်မဖြစ်သူ ဒေါ်အိုင်ဗွီးရှမ်း(အပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော ညီမဖြစ်သူ ဒေါ်ချယ်လီ(ခ)တင်တင်ရွှေ ၂/လကန (နိုင်) ၀၀၉၄၉၂ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## အများသိစေရန်ကြေညာခြင်း

(၁၅-၁၀-၂၀၂၄)ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၂၇ တွင် ပါရှိသော ဒေါ်မိမိငြိမ်း၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ မြိုင်လမ်း(၇)လမ်းရှိ အကွက်အမှတ်-၅၊ ခန်တော၀က်စုကွင်း၊ ဦးပိုင်အမှတ်-(အေ/၂၇၀)၊ ဧရိယာ (၀.၀၂၉)ကေရှိ ဂရန်မြေကွက်သည် ကျွန်တော် ဦးသော်မှ လက်ရှိထား အကျိုးခံစားလာခဲ့ပြီး (၁၀-၉-၁၉၉၃)ရက်တွင် ကျွန်တော် ဦးသော်အမည်ဖြင့် နှစ် (၃၀)ဂရန်ရရှိခဲ့ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့မှာ ၁၉၇၀ ပြည့်နှစ်ကတည်းက စဉ်ဆက်မပြတ် လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဒေါ်မိမိငြိမ်း (၉/ခအဇ(နိုင်)၀၀၄၇၃၃) ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့နေထိုင်သူအား ရောင်းချထားခြင်းမရှိပါ။ ဒေါ်မိမိငြိမ်းထံတွင် ဘဏ်ဆပ်ငွေ ငွေကျပ်သိန်း (၈၆၀)နှင့် ကုန်ဖိုးငွေကျပ် ၈၄၅၉၇၆၆၆၀/- စုစုပေါင်းငွေကျပ် ၁၇၀၅၉၇၆၆၆၀/- ပေးရန် ရှိသည့်အပေါ် ဝိုင်းမြေနှင့် အဆောက်အအုံအား အာမခံအဖြစ် ထားရှိခြင်းသာရှိပါသည်။ ဒေါ်မိမိငြိမ်း (၉/ခအဇ(နိုင်)၀၀၄၇၃၃) ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့နေထိုင်သူအား အခွင့်ရ ကိုယ်စားလှယ်လွှဲအပ်ထားသော (၁၆-၉-၂၀၁၃)ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာကိုလည်း ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဝင့်ဇာနည် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၁၇၉)**
**သီတာလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ ဖုန်း- ၀၉-၂၅၉၆၂၀၁၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ပြင်အလုပ်ရုံ အမှတ်(ယ-၂၆)ဆိုင်ခန်းအား တပ်ကုန်းမြို့၊ သိုက်ချောင်းကျေးရွာ၊ မဟာရတနာသိုက်ချောင်း တပ်ဦးကျောင်းအနီးနေ ဦးရန်မျိုးနိုင် (၁/မကန(နိုင်)၁၁၅၈၁၀)အမည်ဖြင့် အခွန်ထမ်းအမည်ပေါက်ဆိုင်ခန်းဖြစ်ပါသည်။

၂။ ထုတ်ပေးထားသော ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးရန်မျိုးနိုင် (၉/ဇယသ(နိုင်) ၀၀၃၄၁၆)မှ ရပ်ကွက်၊ ရဲစခန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများဖြင့် ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားလာပါသည်။

၃။ အထက်ပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤကြေညာချက်ထွက်သည့်ရက်မှ(၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက(သို့မဟုတ်)ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှု မရှိပါက ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်မိတ္တူမှန်ထုတ်ပေးနိုင်ရေး ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❖ **"ပညာ" ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ . . .**

❖ **နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား" တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## မုံရွာမြို့၌ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင် ပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးညှော်ခံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မုံရွာ နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စတုဒိသာ ညှော်ခံကျွေးမွေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာပြည်ထောင်စုကျွန်းရင်ပြင်၌ ကျင်းပသည်။

ဦးစွာ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ကျင်းပရာ မီးပုံးပျံလွှတ်တင်ပူဇော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက သတ်မှတ်အစီအစဉ်အတိုင်း ပထမအကြိမ် အမြင့် ၁၂ ပေရှိ အလှမီးပုံးပျံအကြီး အလုံး ၄၀၊ ဒုတိယအကြိမ် အမြင့် ၁၂ ပေရှိ အလှ မီးပုံးပျံအကြီး အလုံး ၄၀ ကိုလည်းကောင်း၊ ဆက်လက်ပြီး တစ်ကြိမ်လျှင် မီးပုံးပျံအသေး အလုံး ၅၀ စီဖြင့်

*စာမျက်နှာ ၂၃ ကော်လံ ၁* ❐

**ယနေ့ သတင်းအညွှန်း**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများ၏ ဝမ်းသာပီတိစကားသံများ** ပြည်တွင်းသတင်း စာ ၁၅

**တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၄၀ ကျော်ကို တူကီယဲနိုင်ငံ၌ ဖမ်းဆီး** နိုင်ငံတကာသတင်း စာ ၁၈

**ရန်ကုန် - မန္တလေးရထားလမ်းပိုင်း စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ စမုံတံတား ပြန်လည်မွမ်းမံပြင်ဆင်မည်ဖြစ်၍ နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တွင် ရထားလမ်းပိုင်း ယာယီပိတ်ထားမည်** ပြည်တွင်းသတင်း စာ ၂၃

## တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း စက်သုံးဆီများ လိုအပ်သည့်နေရာတွင် လိုအပ်သလောက် အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ပြီး စက်သုံးဆီဈေးနှုန်းမှာလည်း ယခင်ရက်များထက်ကျဆင်းလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းနှင့် တောင်ကြီးမြို့တို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲများနှင့် နိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည့် မဟာဘုံကထိန်အလှူတော်နှင့် ကထိန်

*စာမျက်နှာ ၂၃ ကော်လံ ၁* ❖

